# ကြေးမုံ

**The Mirror**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့၊ (9-11-2014) (၀၁၁၉)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော်　　နိုဝင်ဘာ　　၉**

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ်ဘတ် ဆမ်ဒက် ပရယ်ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာပါတိုင်းတဲ့ချို ဟွန်ဆင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံသည် အာရှအဝေးပြေးလမ်းနှင့်အာရှဖြတ်ရထားလမ်းကွန်ရက်၏ အစိတ်အပိုင်းအဖြစ်ပါဝင်တောင်နှင့် အရှေ့တောင်အာရှဒေသအတွက် ကြီးမားသည့်အကျိုးရလဒ်ရရှိစေမည့် ပေါင်းကူးတံတားဖြစ်မည်

ပေကျင်း　　နိုဝင်ဘာ　　၈

**ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(Strengthening Connectivity Partnership)ကို ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာ မြေညီထပ်ရှိ ဖန်းဟွာယွမ့်ဧည့်ဂေဟာ၌ ကျင်းပသည်။**

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသမ္မတ အဗ္ဗဒူဟာမစ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ လာအိုနိုင်ငံသမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်၊ မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ တက်စ်ခီ အဂျင်အယ်ဘတ်ဒိုရီ၊ တာဂျစ်ကစ္စတန်နိုင်ငံသမ္မတ အီမိုမာလီ ရာမွန်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာဝပ်ရှာရစ်၊ ကုလသမဂ္ဂ အာရှ-ပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင် အတွင်းရေးမှူး ရှမက်ဟဒ်အာခတာနှင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအသင်း အထွေထွေအတွင်းရေးမှူး ဒီမစ်ထရီ မီဇန်ဆက်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်သည် ဆွေးနွေးပွဲသို့တက်ရောက်လာကြသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံအကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ခေါင်းဆောင်များအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတကပြောကြားရာ၌ အာရှနှင့် ပစိဖိတ်ဒေသသည် လွန်ခဲ့သော **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ မြေညီထပ်ရှိ ဖန်းဟွာယွမ့်ဧည့်ဂေဟာ၌ ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ ကျင်းပစဉ်။** (သတင်းစဉ်)

## ကျောက်တော်မြို့နယ်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိတော့မည်

အမေး၊ အရေး ›› အေးကို(သတင်းစဉ်)
ဓာတ်ပုံ ›› ရဲကျော်သူ

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပြည်သူများလူမှုဘဝဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာ စပါးသီးနှံအပါအဝင် အခြားသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ရေကြီးမှုဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို ရှေးရှု၍ အချိန်တိုအတွင်း ပြီးစီးနိုင်သည့် အသေးစား၊ အလတ်စားဆည်မြောင်းစီမံကိန်းများအပြင် ဒေသတွင်းသောက်သုံးရေဖူလုံစွာ ရရှိရေးအတွက်လည်း ဆည်တမံစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်သည် မိုးများရေရှားသောဒေသတစ်ခုဖြစ်သဖြင့် မိုးရာသီတွင် ရွာသွန်းခဲ့သော မိုးရေများကို ရေလှောင်တမံ၊ ဆည်၊ ကန်တို့ဖြင့် သိုလှောင်ထိန်းသိမ်းပြီး သောက်သုံးရေပေးဝေရသည်။ သို့ဖြစ်ပါ၍ ရှောက်ချောင်းရေလှောင်တမံ စီမံကိန်းသည် ကျောက်တော်မြို့နယ်နေ **စာမျက်နှာ ၈ ကော်လံ ၄ သို့ ❍**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။**




ဦးစန်းဇွေ
(လ/ထမြို့နယ်ပညာရေးမှူး(ငြိမ်း))

**ကမ္ဘာကျော်ကိုရီးယားဂျင်ဆင်းကိုရရန် (၆)နှစ်စောင့်ရပါသည်။ မြန်မာ့ရတနာ ဆေးဖက်ဝင်သနပ်ခါးကိုရရန် အနည်းဆုံး(၇)နှစ်ကြာပါသည်။**

လက်ထောက်ပညာရေးမှူးအဖြစ်နဲ့ တာဝန်ထမ်းဆောင်ခဲ့တဲ့ ကျွန်တော့်အသက်(၆၀)ပြည့်မွေးနေ့နဲ့ လုပ်သက်(၄၂)နှစ်ပြည့် အခမ်းအနားနှုတ်ဆက်ပွဲမှာ ဆရာ၊ဆရာမများက ဆရာကြီး အသက်(၆၀)မှ ဟုတ်ရဲ့လား။ ခုလို အရွယ်တင်နုပျိုနေတာ ဘာဆေးများမှီဝဲလဲလို့ မေးကြပါတယ်။ ကျွန်တော်က မြန်မာ့ရိုးရာသနပ်ခါးစစ်စစ်ကို ချစ်မြတ်နိုးသူဖြစ်ပါတယ်။ ကျွန်တော်ရဲ့ အကောင်းဆုံးဆေးတစ်လက်ကတော့ ရွှေပြည်နန်းသံပရာသနပ်ခါးနဲ့ ကုံကော်ဝတ်ဆံသနပ်ခါးပါပဲ။ သုံးစွဲလာတာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ ညအိပ်တဲ့အခါ ရွှေပြည်နန်းသနပ်ခါးကို ညအိပ်ယာဝင်တိုင်း ခပ်ပါးပါးလိမ်းပြီးမှ အိပ်ယာဝင်လေ့ရှိရာ အသားအရေ စိုပြေနူးညံ့ပြီး နှစ်ခြိုက်စွာအိပ်ပျော်နိုင်ခဲ့ပါတယ်။ အိပ်ယာမှနိုးသည့်အခါမှာလည်း စိတ်ကြည်လင်လန်းဆန်းပြီး လုပ်ငန်းတာဝန်များကို နိုးကြားတက်ကြွစွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဦးစန်းဇွေ(လ/ထမြို့နယ်ပညာရေးမှူး(ငြိမ်း)၊ အထက(၁)ဝင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်မိုးမိုးသင်း(ကျောင်းအုပ်ဆရာမကြီး) အမှတ် (၂၁၇)အခြေခံပညာမူလတန်းကျောင်း၊ ပုသိမ်မြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

အတွေးအမြင်

ကြေးမုံ စာတည်း ရှုထောင့် ၉-၁၁-၂၀၁၄၊ တနင်္ဂနွေနေ့

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လက်တွဲပူးပေါင်းပါဝင်

မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ လာရောက်ရင်းနှီးမြှုပ်နှံကြသည့် ပြည်ပရင်းနှီးမြှုပ်နှံသူများထဲတွင် အနောက်နိုင်ငံများထက် အာရှနိုင်ငံများက ပိုမိုများပြားကြောင်း ထိုင်းနိုင်ငံထုတ် ဘန်ကောက်ပို့စ်သတင်းစာတွင် မကြာသေးမီက ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုသာမက စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတော်အစိုးရ နိုင်ငံ့တာဝန် စတင်ယူသည့်အချိန်မှစ၍ မျက်မှောက်ကာလတိုင် ကဏ္ဍအလိုက် အဆင့်အလိုက် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေသည်မှာ ယခုအခါ တတိယအဆင့်သို့ပင် ရောက်ရှိနေပြီဖြစ်သည်။

ပြီးခဲ့သည့်လက အီတလီနိုင်ငံ မီလန်မြို့၌ ကျင်းပခဲ့သည့် ဒသမအကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီးက မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အသိုင်းအဝိုင်းနှင့် ပြန်လည်ချိတ်ဆက်နေသည့်အချိန်တွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် နိုင်ငံတကာ၏ယုံကြည်မှု ပိုမိုတိုးတက်လာသည်နှင့်အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဆိုင်ရာအကူအညီများ ပိုမိုတိုးတက်လာစေဖို့ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားထားသည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများအပေါ် အာရှနိုင်ငံများသာမက ဥရောပနိုင်ငံများမှ ခေါင်းဆောင်များက အသိအမှတ်ပြုထားပြီးဖြစ်သကဲ့သို့ အမေရိကန်သမ္မတ အိုဘားမားက မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေးနှင့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများအပေါ် အမေရိကန်နိုင်ငံမှ ဆက်လက်၍ ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားထားသည်။

ထို့ကြောင့် ဘန်ကောက်ပို့စ်သတင်းစာတွင် ရေးသားဖော်ပြထားသကဲ့သို့ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို အကြောင်းပြု၍ နိုင်ငံတကာမှ စိတ်ဝင်စားမှုပိုမိုမြင့်တက်လာကာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ဝင်ရောက်လာသည်မှာ သဘာဝကျပေသည်။ တစ်ဖက်တွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ယူပြီး မြန်မာနိုင်ငံတွင် အာဆီယံနိုင်ငံများနှင့် အခြားမိတ်ဖက်နိုင်ငံများနှင့်ပါ တစ်နှစ်ပတ်လုံးအစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည်လည်း အားသာချက်တစ်ခုပင်ဖြစ်သည်။

ပြီးခဲ့သည့် စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံကြသည့် ကုမ္ပဏီလုပ်ငန်းများထဲတွင် အာရှနိုင်ငံများအနက် စင်ကာပူနိုင်ငံက ၁၃၄ ခု၊ ထိုင်းနိုင်ငံက ၈၀ ခု၊ တရုတ်နိုင်ငံက ၇၃ ခု၊ တရုတ်(ဟောင်ကောင်)က ၈၅ ခုရှိနေပြီဖြစ်ပြီး အနောက်နိုင်ငံများအနက် ကနေဒါနိုင်ငံက ၁၈ ခု၊ အမေရိကန်နိုင်ငံက ၁၅ ခု၊ သြစတြေးလျက ၁၅ ခုနှင့် နယ်သာလန်နိုင်ငံက ၁၀ ခုရှိပြီး ဗြိတိန်နိုင်ငံတစ်နိုင်ငံတည်းသာ ကုမ္ပဏီ ၇၅ ခုရှိသည်ဟု ဆိုထားသည်။


ထို့အပြင် ဂျပန်နိုင်ငံမှ ကုမ္ပဏီ ၇၅ ခု၊ တောင်ကိုရီးယားနိုင်ငံက ၁၀၀၊ မလေးရှားနိုင်ငံက ကုမ္ပဏီ ၅၀ တို့လည်း မှတ်ပုံတင်ထားကြသည်။ ထို့ကြောင့် လာမည့်ဘတ်ဂျက်နှစ်အစတွင် မြန်မာနိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏသည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅ ဘီလီယံအထိရှိမည်ဟု ခန့်မှန်းထားကြသည်။

ယင်းကဲ့သို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ မြင့်မားတိုးတက်လာခြင်းနှင့်အတူ ဒေသတွင်းနိုင်ငံများအတွင်း မျှတသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်မှန်းချက်ဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်မှုကို လာမည့်နှစ်တွင် အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမြင့်မားတိုးတက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တရားဥပဒေစိုးမိုးပြီး တည်ငြိမ်အေးချမ်းရေးသည် အထူးအရေးကြီးလှပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်နှင့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းအပ်ပါသည်။



(၅၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားကို နိုဝင်ဘာ ၇ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပစဉ်။ ကိုနေ (ပြန်/ဆက်)




## နေပြည်တော်၌ မြန်မာ့ရိုးရာလက်မှုအနုပညာပြပွဲ ခင်းကျင်းပြသမည်




**နေပြည်တော် နိုဝင်ဘာ ၈**

ယခုအခါ မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည်များလာရောက်မှု ပိုမိုတိုးတက်များပြားလျက်ရှိသည်။ မြန်မာ့ရိုးရာလက်မှုအနုပညာသည် သိမ်မွေ့နက်နဲပြီး ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ဟန်များဖြင့် အဆင့်အတန်းမြင့်မားကြောင်း၊ ရှေးနှစ်ပေါင်းထောင်ချီကတည်းက ဖွံ့ဖြိုးတိုးတက်ပြီး ယခုထက်တိုင် စောင့်ရှောက်ထိန်းသိမ်းလျက်ရှိကြောင်း ပြည်တွင်း၊ ပြည်ပဧည့်သည်များ သိရှိလေ့လာတန်ဖိုးထားနိုင်စေရန် ရည်ရွယ်၍ မြန်မာ့ရိုးရာလက်မှု အနုပညာပြပွဲကို ဒုတိယအကြိမ်အဖြစ် နေပြည်တော် မဏိရတနာခန်းမ (ကျောက်စိမ်းအရောင်းခန်းမကြီး)၌ နိုဝင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ နံနက် ၉ နာရီမှ ည ၈ နာရီအတွင်း ခင်းကျင်းပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

ပြပွဲ၌ မြန်မာ့ရိုးရာလက်မှုပညာများအနက် ရွှေချည်ထိုး၊ ငွေထည်၊ ယွန်းထည်များ၊ ရွှေဆိုင်းများ၊ အမရပူရချည်ထည်၊ ပိုးထည်များ၊ ထူးခြားထင်ရှားသည့် အင်းလေးကြာချည်အထည်အပါအဝင် တိုင်းရင်းသားရိုးရာ ဂျပ်ခုတ်အထည်များ၊ ကြိမ်ထည်နှင့် ပန်းချီကားများကို ပြုလုပ်ပုံအဆင့်ဆင့်နှင့်အတူ စိတ်ဝင်စားဖွယ်ဖြစ်အောင် ခင်းကျင်းပြသထားသည့်အပြင် မြန်မာ့တွင်းထွက်ကျောက်မျက်လက်ဝတ်ရတနာများနှင့် အသုံးအဆောင်ပစ္စည်းအမျိုးမျိုးကိုလည်း ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ် စာမေးပွဲဖြေဆိုနည်း လမ်းညွှန်နှင့် ခုံအမှတ်၊ စာစစ်ဌာနများ ထုတ်လွှင့်မည်

**ရန်ကုန် နိုဝင်ဘာ ၈**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲ Aptis Test ဖြေဆိုနည်း လမ်းညွှန်ပြောကြားချက်ကို MRTV, MRTV-4, Myawady နှင့် SKY NET ရုပ်သံလိုင်းများဖြစ်ကြသော MNTV, Up to Date, SKY NET Education Channel တို့မှ မကြာမီ ထုတ်လွှင့်မည်ဖြစ်သည်။

အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုသူများ၏ ခုံအမှတ်၊ စာစစ်ဌာန၊ ဖြေဆိုရမည့်နေ့ရက်၊ အချိန်တို့ကို ပညာရေးဝန်ကြီးဌာန Website ဖြစ်သော www.myanmar-education.edu.mm နှင့် SKY NET ရုပ်မြင်သံကြားမှ မကြာမီ ဆက်လက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



## ပြည်တွင်းရေးရာ




**တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံအကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)**

❖ **ရှေ့ဖုံးမှ**

ဆယ်စုနှစ်ငါးခုကျော်မှစ၍ မကြုံစဖူးထူးခြားသည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများရရှိခဲ့ပါကြောင်း၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု၊ အထူးသဖြင့် သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နှင့် ဆက်သွယ်ရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလှသည့် အထောက်အကူပြုမှုများထဲမှ တစ်ခုဖြစ်ပါကြောင်း။

ဆက်နွယ်ဆောင်ရွက်မှုသည် ဒေသတွင်းပေါင်းစည်းမှုအတွက် လိုအပ်ချက်အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ ကုလသမဂ္ဂ၊ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်သည် ဒေသတွင်းဆက်နွယ်ဆောင်ရွက်မှုအတွက် မဏ္ဍိုင်ဖြစ်သော အဓိကဒေသကွန်ရက်လေးခုကို သတ်မှတ်ခဲ့ပါကြောင်း၊ အဆိုပါကွန်ရက်လေးခုမှာ ကုန်သွယ်မှုနှင့် သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ၊ စွမ်းအင်အခြေခံအဆောက်အအုံနှင့် ပြည်သူအချင်းချင်း ဆက်သွယ်ဆက်ဆံခြင်းကွန်ရက်များဖြစ်ပါကြောင်း။

ဒေသဆိုင်ရာ အခြေခံအဆောက်အအုံကွန်ရက်များဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များကို အဆက်အသွယ်ပိုမိုရရှိစေမည် ဖြစ်ပါကြောင်း။

ဒေသတွင်း တိုးတက်လာမည့် သာယာဝပြောလာမှုကိုပိုမိုကျယ်ကျယ်ပြန့်ပြန့် မျှဝေခံစားနိုင်ရန်အတွက် အာရှနှင့်ပစိဖိတ်ဒေသ ကွန်ရက်များကို လာမည့်ဆယ်စုနှစ်များတွင် ပိုမိုတိုးချဲ့မည်ဖြစ်ပါကြောင်း၊ ဒေသတွင်း အဓိကဦးစားပေးဆောင်ရွက်ရမည့်ကိစ္စရပ်များအနက် တစ်ခုသည် ကုန်သွယ်မှုနှင့်သယ်ယူပို့ဆောင်ရေး ပေါင်းစည်းဆက်နွယ်မှုတိုးမြှင့်ရေးပင်ဖြစ်ပါကြောင်း။

ဒေသတွင်းအဆင့်တွင် မြန်မာနိုင်ငံသည် အာရှအဝေးပြေးလမ်းနှင့် အာရှဖြတ်ရထားလမ်းကွန်ရက်နှစ်ခုစလုံး၏အစိတ်အပိုင်းအဖြစ် ပါဝင်ပါကြောင်း။

ဒေသခွဲအဆင့်တွင်လည်း မြန်မာနိုင်ငံသည် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းနှင့် အာဆီယံမဲခေါင်မြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု၊ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာဖိုရမ်၊ မဲခေါင်-ဂင်္ဂါပူးပေါင်းဆောင်ရွက်မှုနှင့် မဟာမဲခေါင်ဒေသခွဲအုပ်စုများ၏သယ်ယူပို့ဆောင်ရေးဆက်သွယ်မှုအစီအစဉ်များကဲ့သို့ ဒေသခွဲတွင်းကွန်ရက်များ၏အစိတ်အပိုင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တောင်နှင့်အရှေ့တောင်အာရှဒေသနှစ်ခုလုံးအတွက် ကြီးမားသည့်အကျိုးရလဒ်များကိုရရှိစေမည့် ထိရောက်သော ပေါင်းကူးတံတားအဖြစ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု(အေပက်)အဖွဲ့အနေဖြင့် ၎င်း၏အဖွဲ့ဝင်များပါဝင်သည့်ဒေသကိုကျော်လွန်ပြီး ကြည့်သင့်ပါကြောင်း၊ အေပက်အလွန် ဒေသတွင်လည်း တိုးတက်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုတို့အတွက် အာမခံချက်ရှိသည့် အခွင့်အလမ်းများရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ အေပက်အဖွဲ့ဝင်များရော အဖွဲ့ဝင်မဟုတ်သူများပါ ယင်းအကျိုးအမြတ်များကို မျှဝေခံစားနိုင်မည်ဖြစ်ပါကြောင်း။

သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် အာရှ-ပစိဖိတ်ဒေသတွင်း ခိုင်မာသည့်ပေါင်းစည်းဆက်နွယ်မှု မိတ်ဖက်ပြုခြင်းသည် ဒေသတွင်းနိုင်ငံများအားလုံးအပေါ် အကျိုးသက်ရောက်မှုရှိစေမည်ဖြစ်ပြီး ဒေသတွင်းနေပြည်သူများအားလုံးကိုလည်း အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါကြောင်း။

အာဆီယံသည် ၂၀၁၅ ခုနှစ်အကုန်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းကိုထူထောင်ရန် အားသွန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တစ်ခုတည်းသော ဈေးကွက်နှင့်တစ်ခုတည်းသော ကုန်ထုတ်လုပ်မှုအခြေခံထူထောင်ရန် ချမှတ်ထားပြီးဖြစ်သည့်အတွက် ယခု "တစ်ခုတည်းသော ရပ်ဝန်း၊ တစ်ခုတည်းသောလမ်း" မိတ်ဖက်ပြုမှုသည် အာဆီယံအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကိုလည်း စေ့ဆော်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

ရှုပ်ထွေးလှသည့် ပြဿနာများစွာနှင့် လုံခြုံရေးခြိမ်းခြောက်မှုများကို တိုးမြှင့်ရင်ဆိုင်နေရသည့် ယနေ့ကမ္ဘာတွင် မည်သည့်နိုင်ငံမှ သီးသန့်တစ်နိုင်ငံတည်း ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်မဟုတ်ပါကြောင်း၊ မည်သည့်နိုင်ငံမှလည်း ပြည်တွင်းပြည်ပငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို တစ်နိုင်ငံတည်း ဖော်ဆောင်သွားနိုင်မည် မဟုတ်ပါကြောင်း၊ လက်ရှိခေတ်ကာလအခြေအနေသည် နိုင်ငံအများ စုပေါင်းကြိုးပမ်းမှုများဖြင့်သာ စုပေါင်းဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်သည့် ခေတ်ကာလဖြစ်ပါကြောင်း။

စီးပွားရေးဆက်ဆံမှု ပိုမိုနက်ရှိုင်းစေခြင်းသည် သက်ဆိုင်ရာနိုင်ငံများအကြား နိုင်ငံရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် ခိုင်မာသည့် အခြေခံတစ်ရပ်ကို ချမှတ်ခြင်းဖြစ်ပါကြောင်း၊ ပိုးလမ်းမကြီးပြန်လည်သက်ဝင်ရှင်သန်စေရန် ကွဲပြားခြားနားသော ပုံစံများဖြင့် တစ်ပြိုင်နက်တည်း ကြိုးပမ်းဆောင်ရွက်မှုသည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ပြည်သူချင်းပူးပေါင်းဖလှယ်မှုများမှတစ်ဆင့် ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးတစ်ရပ်ကိုဖော်ဆောင်ပေးမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ငြိမ်းချမ်းရေးသည် ပြန်လည်ပေါ်ထွက်လာမည် ဖြစ်ပါကြောင်း။

၎င်းအချက်များကို အခြေခံ၍ မြန်မာနိုင်ငံအနေဖြင့် ဒေသတစ်ခုလုံးနှင့် ကျန်ကမ္ဘာ့နိုင်ငံများအကြား ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသည့် တရုတ်နိုင်ငံ၏ "ပိုးလမ်းမ စီးပွားရေးရပ်ဝန်း" နှင့် "၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမ" သို့မဟုတ် "တစ်ခုတည်းသော ရပ်ဝန်း၊ တစ်ခုတည်းသော လမ်းကြောင်း" ပဏာမခြေလှမ်းကို ထောက်ခံပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် ဆွေးနွေးပွဲသို့တက်ရောက်လာသော နိုင်ငံခေါင်းဆောင်များကလည်း အသီးသီးဆွေးနွေးပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် ဇနီးတို့က နိုင်ငံအကြီးအကဲများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့်ဇနီးများအား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

## တရုတ်နိုင်ငံအနေဖြင့် အာရှဒေသတစ်ခုလုံးနှင့် ချိတ်ဆက်မှုတိုးမြှင့်ရန် ပိုးလမ်းမကြီးတည်ဆောက်ရေးရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ ထည့်ဝင်မည်။

တရုတ်နိုင်ငံအနေဖြင့် အာရှဒေသတစ်ခုလုံးနှင့် ချိတ်ဆက်မှုတိုးမြှင့်ရန် ပိုးလမ်းမကြီးတည်ဆောက်ရေးရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ ထည့်ဝင်မည်ဖြစ်ကြောင်း၊ ပိုးလမ်းမကြီးရန်ပုံငွေကို မည်သူမဆိုထည့်ဝင်နိုင်အောင် ဖွင့်ထားမည်ဖြစ်ပြီး အာရှနှင့် အခြားနိုင်ငံများမှ ရင်းနှီးမြှုပ်နှံလိုသူများအား ယင်းစီမံကိန်းတွင် ပါဝင်ရန်ကြိုဆိုကြောင်း၊ အဆိုပါ ရန်ပုံငွေသည် အာရှအလယ်ပိုင်းနှင့် တောင်အာရှဒေသတွင် ကားလမ်းများ၊ ရထားလမ်းများ၊ သင်္ဘောဆိပ်များ၊ လေဆိပ်များ တည်ဆောက်ရန် ရည်မှန်းထားသည့် ပိုးလမ်းမကြီးဆိုင်ရာ စီးပွားရေးရပ်ဝန်းနှင့် ၂၁ ရာစု ပင်လယ်ရေကြောင်းဆိုင်ရာ ပိုးလမ်းမကြီး ပဏာမခြေလှမ်းအပေါ် အဓိကထားကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဒုဋ္ဌဝတီမြစ်အတွင်း ရှင်ဥပဂုတ္တမထေရ်မြတ် ရေမျှောပူဇော်ပွဲ သီပေါ၌ကျင်းပ

**သီပေါ နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် တိန်းချေတိန်းစံကျေးရွာအုပ်စု ထွန်ကျောင်းကျေးရွာရှိ ဗုဒ္ဓဘာသာဝင် ဒေသခံတိုင်းရင်းသားများ၏ ထုံးတမ်းစဉ်လာအရနှင့် ရိုးရာယဉ်ကျေးမှုမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်ပွားတော် ရေမျှောပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၆ ရက်)က ဒုဋ္ဌဝတီမြစ်ကမ်းနဖူး၌ကျင်းပရာ နောင်အိန်၊ နောက်ကတ်၊ စံဖိတ်၊ မန်ဟဲ၊ လွယ်ကျိုင်းကျေးရွာများမှ ဗုဒ္ဓနွယ်ဝင် တိုင်းရင်းသား ပြည်သူများလာရောက်ဖူးမြော်ကြည်ညိုကြသည်။ **စိုင်း(သီပေါ)**

ဧရာရိုးမထာဝရလီမိတက်
AYEYAR YOMA ETERNAL LTD.
AYEYAR YOMA ETERNAL Ltd.တွင်(16)ယောက်စီး၊
(19) ယောက်စီး၊ (29) ယောက်စီး BUS ကားများကို
သက်သာသောဈေးနှုန်းများဖြင့်ဝယ်ယူနိုင်ပါသည်။
ဆက်သွယ်ရန်- အမှတ်(၁၅)၊ ကျန်စစ်သားလမ်းမကြီး၏အတွင်းလမ်း၊ ကျန်စစ်သားစက်မှုဇုန်၊(ရွာသာကြီး DENKO ဆီဆိုင်အနီး) ဒဂုံမြို့သစ်တောင်ပိုင်း၊ရန်ကုန်မြို့။
အမှတ်(၁၃၄)၊ အောင်ဇေယျလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ PH - 01 700956, 09 448026388, 73104046

# အမေရိကန်တပ်ဖွဲ့ဝင် ၁၅၀၀ ကျော် အီရတ်သို့ စေလွှတ်မည်

**ဝါရှင်တန် နိုဝင်ဘာ ၈**

အစ္စလာမ့်နိုင်ငံ ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) တပ်ဖွဲ့များနှင့် ရင်ဆိုင်တိုက်ခိုက်နေရသည့် အီရတ်တပ်ဖွဲ့များအား စွမ်းရည်မြှင့်တင်ပေးရန် အမေရိကန်တပ်ဖွဲ့ဝင် ၁၅၀၀ ကျော်အား အီရတ်သို့ စေလွှတ်မည်ဖြစ်ကြောင်း၊ ယင်းတပ်ဖွဲ့ဝင်များသည် တိုက်ခိုက်ရေးတာဝန်ကိုမူ ထမ်းဆောင်ကြမည်မဟုတ်ကြောင်း အမေရိကန်သမ္မတ အိမ်ဖြူတော်က နိုဝင်ဘာ ၇ရက်တွင် ပြောကြားသည်။



**အီရတ်နိုင်ငံတွင် ရောက်ရှိတာဝန်ထမ်းဆောင်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ရစဉ်။**

အဆိုပါတပ်ဖွဲ့ဝင်များသည် အီရတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားမှုနှင့် အကူအညီပေးမှုများကို ပြုလုပ်မည်ဟု အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားသည်။

တပ်ဖွဲ့ဝင်များစေလွှတ်ပေးရန် အီရတ်အစိုးရက တောင်းဆိုလာပြီးနောက် သမ္မတ အိုဘားမားက တပ်ဖွဲ့များ စေလွှတ်ဖြန့်ကြက်ရန် ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း ပင်တဂွန်က ဆက်လက်ပြောကြားသည်။

အိုင်အက်စ် စစ်သွေးကြွများကဆီးရီးယားနှင့် အီရတ်နှစ်နိုင်ငံအတွင်းရှိ ကြီးမားကျယ်ပြန့်သော နယ်မြေများကို သိမ်းယူထားခဲ့သည်။ ယင်းတို့အား အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က ယခုနှစ်ဩဂုတ်လကတည်းက စတင်ကာ လေကြောင်းမှ တိုက်ခိုက်မှုအကြိမ်ရာနှင့်ချီကာ ပြုလုပ်ခဲ့သည်။

ထပ်မံစေလွှတ်မည့် အမေရိကန်တပ်ဖွဲ့ဝင် ၁၅၀၀ ကျော်တို့သည် အီရတ်တွင် ရောက်ရှိနေသော ရာနှင့်ချီသည့် အမေရိကန်စစ်ဘက်အကြံပေးများနှင့် ပူးပေါင်းကာ အီရတ်အစိုးရတပ်ဖွဲ့ဝင်များအား အကူအညီများ ပေးကြမည်ဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်တွင် လေ့ကျင့်ရေးစခန်းအချို့ကို ထူထောင်သွားမည်ဖြစ်ရာ အီရတ်စစ်တပ်အတွက် စခန်းကိုးခုနှင့် အီရတ်ကာ့ဒ်လက်နက်ကိုင်တပ်ဖွဲ့ (ပက်ရှ်မာဂါ) အတွက် စခန်းသုံးခု ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ဘဂ္ဂဒက်မြို့တော်ပြင်ပနှင့် အီရတ်နိုင်ငံမြောက်ပိုင်း အီဘီးလ်မြို့များ၌ အကြံပေးရေးနှင့် အထောက်အကူပြုရေး လုပ်ငန်းဌာနနှစ်ခုတည်ထောင်ရန် အမေရိကန်စစ်ဘက်က တည်ထောင်သွားမည်ဟု ပင်တဂွန်၏ ကြေညာချက်တွင် ဖော်ပြသည်။ **ဘီဘီစီ။**

# အမ်အိတ်ချ်-၁၇မှ သေဆုံးသူ ကိုးဦးအား ခွဲခြားသတ်မှတ်မှု မပြုနိုင်သေး

**အမ်စတာဒမ် နိုဝင်ဘာ ၈**

ယခုနှစ်ဇူလိုင်လအတွင်းက ယူကရိန်းနိုင်ငံ အရှေ့ပိုင်းဒေသတွင် ပျက်ကျခဲ့သော မလေးရှားလေကြောင်းလိုင်းမှ ခရီးစဉ်အမှတ် အမ်အိတ်ချ်-၁၇ ၌ ပါဝင်သည့် သေဆုံးခဲ့သူ ၂၉၈ဦးအနက်မှ ကိုးဦးအား ယခုထက်တိုင် အမျိုးအမည် ခွဲခြားသတ်မှတ်နိုင်ခြင်းမရှိသေးကြောင်း နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဘီရက်ကွန်ဒရက်စ်ပြောကြားသည်။

အဆိုပါ လေကြောင်းခရီးစဉ်တွင် ပါဝင်ပြီး သေဆုံးခဲ့ကာ ကြွင်းကျန်ရစ်သော ရုပ်အလောင်း ငါးခုအား နယ်သာလန်နိုင်ငံသို့ လေကြောင်းခရီးဖြင့် သယ်ယူလာသည့် အခမ်းအနားတစ်ရပ်ကို ခါရစ်မြို့၌ ကျင်းပအပြီးတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

### ပျက်ကျခဲ့

ဘိုးအင်း-၇၇၇ အမျိုးအစား မလေးရှားလေကြောင်းပိုင် လေယာဉ်သည် နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ပျံသန်းလာစဉ် ရုရှားလိုလားသော သူပုန်အုပ်စုများ သိမ်းပိုက်ထားရာ ယူကရိန်းနိုင်ငံ အရှေ့ဖျားနယ်မြေ၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။

### ဒတ်ချ် ၁၉၃ဦး

ပျက်ကျသွားသော အမ်အိတ်ချ်-၁၇ မလေးရှားလေကြောင်း လေယာဉ်၌ ဒတ်ချ်လူမျိုးများ အများစုပါဝင်ပြီး စုစုပေါင်း ၁၉၃ ဦးပါဝင်သည်။

ယူကရိန်းသူပုန်များနှင့် ၎င်းတို့အား အထောက်အပံ့ပြုနေသည့် ရုရှားနိုင်ငံတို့ကပါ အဆိုပါလေယာဉ်အား ၎င်းတို့ ပစ်ချခဲ့ခြင်း မဟုတ်ကြောင်း ငြင်းဆိုခဲ့ကြသည်။

### ခက်ခက်ခဲခဲ

ယူကရိန်းအစိုးရ တပ်ဖွဲ့များနှင့် သူပုန်အဖွဲ့များအကြား လက်နက်ကိုင် ပဋိပက္ခများကြောင့် အဆိုပါလေယာဉ် ပျက်ကျမှု အား စုံစမ်းစစ်ဆေးသူများမှာ လုပ်ငန်းများကို ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရသည်။ **ဘီဘီစီ။**

# တိုင်ဖုန်းမုန်တိုင်း ဟိုင်ယန် တိုက်ခတ်မှု တစ်နှစ်ပြည့် ဖိလစ်ပိုင်တွင် ကျင်းပ

**မနီလာ နိုဝင်ဘာ ၈**

လွန်ခဲ့သည့်တစ်နှစ် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၈ရက်တွင် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းဒေသများ၌ တိုက်ခတ်ဖျက်ဆီးခဲ့သည့် တိုင်ဖုန်းမုန်တိုင်း ဟိုင်ယန်ကျရောက်ခဲ့သည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဖိလစ်ပိုင်ပြည်သူ ထောင်ပေါင်းများစွာက ပါဝင်လမ်းလျှောက်ဆင်နွှဲကြသည်။

### ခေါင်းလောင်းထိုး

အဆိုပါ လူအုပ်စုကြီးသည် တာကိုလ်ဘန်မြို့လယ်အထိ သွားရောက်ကြပြီး ယင်းတို့သွားရောက်စဉ် မုန်တိုင်းကျရောက်သည့် အချိန်၌ ဘာသာရေး အဆောက်အအုံများမှ ခေါင်းလောင်းများ ထိုးကြသည်။

ဟိုင်ယန်ဟု လူသိများပြီး ယိုလန်ဒါဟု ဖိလစ်ပိုင်တွင် ခေါ်တွင်သည့် မုန်တိုင်းကြောင့် ဖိလစ်ပိုင်ပြည်သူ လေးသန်းကျော်မှာ နေအိမ်များကို စွန့်ခွာရပြီး ယာယီခိုနားရိပ်မြုံများ၌ နေထိုင်ခဲ့ရသည်။ **ဘီဘီစီ။**

# ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားပြီးနောက် ပါလက်စတိုင်းဝန်ကြီးချုပ်၏ ဂါဇာခရီးစဉ် ပယ်ဖျက်

**ဂါဇာ နိုဝင်ဘာ ၈**

ဖာတာပါတီမှ တာဝန်ရှိသူများအား ပစ်မှတ်ထား ဗုံးဖောက်ခွဲမှုများ ဆက်တိုက်ဖြစ်ပွားပြီးနောက် ပါလက်စတိုင်း အစိုးရအဖွဲ့ဝန်ကြီးချုပ် ရာမီဟမ်ဒယ်လာ၏ ဂါဇာကမ်းမြောင်ဒေသသို့ သွားရောက်မည့်ခရီးစဉ်ကို နိုဝင်ဘာ ၇ရက်တွင် ပယ်ဖျက်လိုက်ကြောင်း ဒေသခံသတင်းများ၌ ဖော်ပြသည်။

ယင်းဗုံးဖောက်ခွဲမှုများနှင့် ပတ်သက်၍ ယင်းဒေသအား အုပ်ချုပ်နေသည့် ဟားမားစ်အဖွဲ့အပေါ် ဖာတာအဖွဲ့က ပြစ်တင်ပြောကြားသော်လည်း ဟားမားစ်အဖွဲ့က ၎င်းတို့တွင် တာဝန်မရှိကြောင်း ငြင်းဆိုသည်။

ဖာတာအဖွဲ့၏ အဆောက်အအုံများကို ပစ်မှတ်ထားသော ဖောက်ခွဲမှုများ နိုဝင်ဘာ ၇ရက်တွင် ဖြစ်ပေါ်ခဲ့ပြီး ယင်းဗုံးပေါက်ကွဲမှုများကြောင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်းမရှိပေ။



**ဖာတာအဖွဲ့မှ တာဝန်ရှိသူ ဖေယက်ဇ် အဘူအစ်တာက ၎င်း၏ကားကို ပစ်မှတ်ထားဖောက်ခွဲတိုက်ခိုက်မှုအား ရှင်းလင်းပြသစဉ်။**

ဖာတာအဖွဲ့မှ တာဝန်ရှိသူ ဖေယက်ဇ် အဘူအစ်တာက ၎င်း၏ ကားနှင့် ဖာတာအဖွဲ့မှ အခြားတာဝန်ရှိသူနှစ်ဦး၏ နေအိမ်များ ဗုံးပေါက်ကွဲမှုများကြောင့် ပျက်စီးသွားရကြောင်း ပြောကြားသည်။ ယင်းဗုံးဖောက်ခွဲခဲ့မှုများအတွက် ၎င်းက ဟားမားစ်အဖွဲ့အား ပြစ်တင်ပြောကြားသည်။ ဟားမားစ်အဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသအား ၂၀၀၇ ခုနှစ်ကတည်းက အုပ်ချုပ်လာခဲ့သည်။

ပါလက်စတိုင်း ခေါင်းဆောင်ဟောင်း ယာဆာအာရာဖတ်ကွယ်လွန်ခြင်း ၁၀ နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပရန် တည်ဆောက်ထားသည့် စင်မြင့်မှာလည်း ဗုံးဖောက်ခွဲရန် သတ်မှတ်ထားသည့် ပစ်မှတ်ဖြစ်ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

ယင်းပေါက်ကွဲမှုများသည် ရာဇဝတ်မှုမြောက်သော လုပ်ရပ်များဖြစ်ပြီး ကျူးလွန်သူများအား ဖော်ထုတ်တရားစီရင်သွားမည်ဟု သန္နိဋ္ဌာန်ချထားကြောင်း ဟားမားစ်အဖွဲ့က ပြောကြားသည်။

ပါလက်စတိုင်းဝန်ကြီးချုပ်သည် နိုဝင်ဘာ ၈ရက်တွင် ဂါဇာ၌ ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးမူဝါဒရေးရာ အကြီးအကဲ အဗစ်ဖက်ဒရီကာမော့ဂါရီနီနှင့် တွေ့ဆုံရန်ရှိသည်။ **ဘီဘီစီ။**

# အိန္ဒိယရေတပ်သင်္ဘောတစ်စင်းနစ်မြုပ်၍ ရေတပ်သားတစ်ဦး သေဆုံးပြီး လေးဦးပျောက်ဆုံး

**ဗီဇာကာပတ္တနမ် နိုဝင်ဘာ ၈**

အိန္ဒိယရေတပ်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာမှ ပျောက်ဆုံးနေသော ရေတပ်သားလေးဦးကို ရှာဖွေကယ်ဆယ်ရေးအဖွဲ့က ရှာဖွေနေကြောင်း၊ ယင်းရေတပ်သင်္ဘောနစ်မြုပ်မှုသည် အိန္ဒိယရေတပ်အတွက် နောက်ဆုံးဖြစ်ပွားသော မတော်တဆမှုဖြစ်ကြောင်း နိုဝင်ဘာ ၇ရက် ဒေသဆိုင်ရာသတင်းတွင် ဖော်ပြသည်။

နိုဝင်ဘာ ၇ရက်က အိန္ဒိယနိုင်ငံတောင်ပိုင်း ကမ်းခြေမြို့ ဗီဇာကာပတ္တနမ်ကမ်းလွန်တွင် ရေတပ်စစ်ရေးလေ့ကျင့်မှု တစ်ရပ်ပြုလုပ်နေစဉ်အတွင်း ရေယာဉ်အား ရေလွှမ်းခဲ့ခြင်းဖြစ်ပြီး ယင်းဖြစ်ရပ်ကြောင့် ရေတပ်သားတစ်ဦး သေဆုံးကာ အခြား ၂၃ ဦးကို ကယ်ဆယ်နိုင်ခဲ့သည်။ ယင်းမတော်တဆမှု ဖြစ်ပွားခြင်းအား စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်သည်။

ယမန်နှစ် ဩဂုတ်လမှစတင်၍ လုပ်ငန်းတာဝန်ထမ်းဆောင်နေသော အိန္ဒိယရေတပ် စစ်ရေယာဉ်များ၌ မတော်တဆဖြစ်ရပ်များ ဆက်ကာဆက်ကာ ဖြစ်ပွားခဲ့သည်။

၂၀၁၃ ခုနှစ် ဩဂုတ်လတွင် အိန္ဒိယရေတပ်မှ ရေငုပ်သင်္ဘောတစ်စင်းသည်မွမ်ဘိုင်းမြို့၌ လွန်းတင်ပြင်ဆင်နေစဉ် မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး နစ်မြုပ်ခဲ့ရာ ရေတပ်သား ၁၈ဦး သေဆုံးခဲ့ပြီး ယင်းရေတပ်အတွက် အဆိုးရွားဆုံး ဘေးဒုက္ခသင့်ရောက်မှု ဖြစ်သည်။

ယခုနှစ်ဖေဖော်ဝါရီလအတွင်း အိုင်အန်အက်စ် ဆင်ဒူရာတနာအမည်ရှိ ရေငုပ်သင်္ဘောပေါ်တွင်တာဝန်ထမ်းဆောင်နေသည့် ရေတပ်သားနှစ်ဦး မတော်တဆမှုဖြစ်ကာ သေဆုံးခဲ့ရသည်။

ယခုနှစ် မတ်လအတွင်းက မွမ်ဘိုင်းမြို့ သင်္ဘောကျင်းတစ်ခု၌ တည်ဆောက်နေဆဲရေယာဉ်တစ်စင်းပေါ်၌ အဆိပ်ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားရာ ရေတပ်အရာရှိတစ်ဦးသေဆုံးခဲ့ရသည်။

အိန္ဒိယရေတပ်၏ ယခုဖြစ်ပွားသော နောက်ဆုံးမတော်တဆမှုမှာ ပုံမှန်ပြုလုပ်နေကျ စစ်ရေးလေ့ကျင့်မှု၌တော်ပီဒိုပစ်ခတ်မှု လေ့ကျင့်ခန်းလုပ်ဆောင်နေစဉ်အတွင်း အဆိုပါ ရေယာဉ်နစ်မြုပ်သွားခြင်းဖြစ်သည်။ **ပီတီအိုင်။**



**ပုံမှန် စစ်ရေးလေ့ကျင့်မှု ပြုနေသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်များ။**

ပြည်တွင်းရေးရာ

# မအူပင်အစမ်းတွင်းအမှတ်(၅)မှ ရေနံနှင့် သဘာဝဓာတ်ငွေ့သဲကြောတွေ့ရှိ

**ရန်ကုန် နိုဝင်ဘာ ၈**

စွမ်းအင်ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပြည်တွင်းစက်ရုံ၊ အလုပ်ရုံများနှင့် ပြည်သူများ သွားလာရေး အဆင်ပြေစေရန် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့လိုအပ်ချက်အပါအဝင် သဘာဝဓာတ်ငွေ့များကို ရှာဖွေတူးဖော်ထုတ်လုပ်ပေးလျက်ရှိသည်။

အောက်မြန်မာနိုင်ငံတွင်ရှိသော ဓာတ်မြေသြဇာစက်ရုံ၊ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များ၊ အခြားစက်ရုံ၊ အလုပ်ရုံများကို အောက်မြန်မာနိုင်ငံတွင်ရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့မြေသုံးခုဖြစ်သည့် ညောင်တုန်း၊ အဖျောက်၊ မအူပင် ရေနံမြေများမှ သဘာဝဓာတ်ငွေ့များကို တူးဖော်ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိရာ စဉ်ဆက်မပြတ် ပြည့်မီစွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် နှစ်စဉ်ပွင့်လင်းရာသီများတွင် ရှာဖွေရေးတွင်းများ၊ ထုတ်လုပ်ရေးတွင်းများ တူးဖော်ထုတ်လုပ်ပေးလျက်ရှိသည်။




ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မအူပင်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် တူးဖော်ထုတ်လုပ်လျက်ရှိသော ပေနက်အစမ်းတွင်း အမှတ်(၅)ကို တူးဖော်ဆဲအခြေအနေတွင် တိုင်းတာမှုများ ပြုလုပ်ခဲ့ရာ အလားအလာကောင်းသော ရေနံနှင့် သဘာဝဓာတ်ငွေ့ သဲကြောများကို တိုင်းတာတွေ့ရှိခဲ့ကြောင်း သိရသည်။

အစမ်းတွင်း အမှတ်(၅)တူးဖော်ရာသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများအဖွဲ့ သွားရောက်ပြီး အလားအလာကောင်းသော သဲကြောများရှိသော နေရာများတွင် အစမ်းတွင်းများ ထပ်မံတိုးချဲ့တူးဖော်နိုင်ရေး၊ ရေနံမြေဖွံ့ဖြိုးမှုများ ဆောင်ရွက်နိုင်ရေးတို့အတွက် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

**(ကြေးမုံ)**

# ယာဉ်ကြောပိတ်ဆို့မှုများကို လျော့နည်းစေမည့် ဒေါပုံ-မင်္ဂလာတောင်ညွန့် သံပေါင်တံတားသစ်

**ရန်ကုန် နိုဝင်ဘာ ၈**

ယာဉ်ကြောပိတ်ဆို့မှုများ ကြုံတွေ့နေရသည့် ရန်ကုန်မြို့တော်တွင် ယာဉ်ကြော ပိတ်ဆို့မှုလျော့နည်းစေရန်နှင့် ယာဉ်သွားလာမှု မြန်ဆန်ချောမွေ့စေရန် ဒေါပုံမြို့နယ်နှင့် မင်္ဂလာတောင်ညွန့် မြို့နယ်တို့ကို ဆက်သွယ်ပေးမည့် သံပေါင်တံတားသစ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင်သံပေါင်တံတားဟောင်းဘေးရှစ်မီတာအကွာတွင် တည်ဆောက်နေပြီဖြစ်သော သံပေါင်တံတားသစ်ကိုလာမည့် ၂၀၁၅ ခုနှစ် မတ်လတွင် အပြီးသတ်နိုင်ရန် လျာထားဆောင်ရွက်နေပြီး တံတားသစ်တည်ဆောက်ပြီးစီးပါက လက်ရှိတွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်နေသော သုဝဏ္ဏလမ်းဆုံ၊ ကြက်ဘဲဈေး(မင်္ဂလာတောင်ညွန့်) လမ်းဆုံတစ်ဝိုက်တွင် ယာဉ်ကြောပိတ်ဆို့မှုများလျော့နည်းကျဆင်းသွားမည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။ လက်ရှိအသစ်တည်ဆောက်နေသော သံပေါင်တံတားသစ်သည် နှစ်လမ်းသွား ပေ ၄၀ အကျယ်ဖြစ်ပြီး တံတားဟောင်းမှာ ၂၅ ပေအကျယ်သာ ရှိခဲ့သည်ဟု



သိရသည်။ တည်ဆောက်ရေးလုပ်ငန်းများတွင် ပိုင်ရိုက်ခြင်းများစတင်နေပြီဖြစ်ပြီး ချဉ်းကပ်တံတားကို တည်ဆောက်လျက်ရှိသည်ဟု သိရသည်။

"သံပေါင် တံတားဟောင်းကို ကားတွေဖြစ်သန်းခွင့်ပိတ်ထားတာ ကြာပါပြီ။ ကြံ့ခိုင်မှုမကောင်းတော့လို့ ဖြတ်သန်းခွင့်မပြုတာလို့ ပြောပါတယ်။ အနေးယာဉ်နဲ့ လူတွေတော့ ဖြတ်သန်းသွားလာလို့ရပါတယ်။ အရင်က ဒီတံတားရှိတော့ သုဝဏ္ဏလမ်းဆုံဘက်ကို တစ်ပတ်ကြီးပတ်သွားစရာမလိုဘူးပေါ့။ အခုတံတားသစ်ထိုးတဲ့အခါ ပြီးသွားရင်တော့ ပိုအဆင်ပြေသွားမှာပါ။ ဒါပေမယ့် တံတားအတက်အဆင်း နေရာတွေနဲ့ မီးပွိုင့်လမ်းဆုံမှာ လမ်းမပိတ်အောင်တော့ ယာဉ်စည်းကမ်းနဲ့စနစ်တကျကိုင်တွယ်ကြပ်မတ်မှသာ ရမှာပါ။ ဒီနားမှာက ဂက်စ်ဆိုင်ကလည်း ရှိတယ်ဆိုတော့ ဂက်စ်ဖြည့်တဲ့ ကားတွေနဲ့ လမ်းမပိတ်အောင်လုပ်ရမှာ"ဟု မင်္ဂလာတောင်ညွန့်မြို့နယ်နေ ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ဒေါပုံ-မင်္ဂလာတောင်ညွန့်သံပေါင်တံတားဟောင်းသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၈၀ ကျော်နေပြီဖြစ်ပြီး ခေတ်အဆက်ဆက် မြို့တော်ဝန်များက ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ခဲ့သည်ဟု လမ်းနှင့်တံတားဌာနမှ သိရသည်။ သံပေါင်တံတားသစ်တည်ဆောက်ခြင်းကို ဆောင်ရွက်နေပြီဖြစ်ပြီး ငွေကျပ် ၅ ဒသမ ၉ သန်းအကုန်အကျခံကာ လာမည့် ၂၀၁၅ ခုနှစ် မတ်လတွင် ပြီးစီးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝဝ၁)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘောဒီးယားနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၉**

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးသာအောင်ညွန့်အား တောင်အာဖရိကနိုင်ငံသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မလေးရှားနိုင်ငံဆိုင်ရာအထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်အား တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးစံမြင့်ဦးအား တီမောလက်စ်တေနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစံမြင့်ဦးအား ၎င်း၏လက်ရှိ တာဝန်ဝတ္တရားများအပြင် တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ဦးဇော်မြင့်အား မလေးရှားနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးဇော်မြင့်အား မလေးရှားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## မြန်မာ့စီးပွားရေးဘဏ်များ ငွေလွှဲပို့ခနှုန်းလျှော့ချ

**ရန်ကုန် နိုဝင်ဘာ ၈** - ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ခရိုင်ဘဏ်ခွဲများနှင့် မြို့နယ်ဘဏ်ခွဲများတွင် ပြည်သူများ၏ ငွေလွှဲခနှုန်းထားများကို နိုဝင်ဘာ ၁ ရက်မှစ၍ လျှော့ချသတ်မှတ်လိုက်ကြောင်းသိရသည်။ ယခုလျှော့ချသတ်မှတ်လိုက်သော ငွေလွှဲခနှုန်းထားများမှာ ခရိုင်ဘဏ်ခွဲများနှင့် မြို့နယ်ဘဏ်ခွဲများတွင် ငွေလွှဲပို့လိုပါက ငွေလွှဲခကျပ် ၁၀၀ လျှင် ၅ ပြားနှုန်းဖြစ်ပြီး မြို့နယ်ဘဏ်ခွဲအချို့တွင်မူ လွှဲပို့ငွေကျပ် ၁၀၀ လျှင် ၁၀ ပြားနှုန်းဖြင့် လျှော့ချသတ်မှတ်လိုက်သည်။

**(ခင်ချိုဝင်း)**




ပန်းလှိုင်ဆေးရုံကြီး၏ကျောက်ကပ်သွေးသန့်စင်ဌာန

- နိုင်ငံတကာအဆင့်အတန်းမီကျောက်ကပ်ဆေးသည့်စက်ပစ္စည်းများ
- ကျောက်ကပ်နှင့်ပတ်သက်၍အတွေ့အကြုံများစွာရှိသောကျွမ်းကျင်ဝန်ထမ်းများမှစနစ်တကျပြုစုစောင့်ရှောက်မှုပေးခြင်း
- သန့်ရှင်း၍ပိုးမွှားကင်းစင်သောနေရာတွင်သက်တောင့်သက်သာကျောက်ကပ်သွေးသန့်စင်မှုခံယူနိုင်ခြင်း စသည်ဖြင့် လူနာများစိတ်ကျေနပ်မှုရရှိစေရန် စီစဉ်ထားပါသည်။

အထူးအစီအစဉ်

ကျောက်ကပ် (၁) ကြိမ်ဆေး
၄၀,၀၀၀/- ကျပ်
(၁၀) ကြိမ်ဆေးပြီးတိုင်း (၁) ကြိမ် အခမဲ့
ဆောင်ရွက်ပေးနေပါပြီ...

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၂၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : enquiry.phih@spa-mm.com

# (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအကြို မြန်မာနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌရာထူးစွမ်းဆောင်ချက် နိုင်ငံတကာအမြင်များကို လေ့လာခြင်း

အဝေးရောက်
နိုင်ငံခြားရေးဝန်ထမ်းတစ်ဦး

မြန်မာနိုင်ငံမှ ယခုနှစ်အတွင်း အလှည့်ကျ ဥက္ကဋ္ဌရာထူးကို ရယူထားသည့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို နေပြည်တော်တွင် နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပါသည်။ မေလအတွင်းကလည်း အာဆီယံထိပ်သီးအစည်းအဝေးကို အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ယခုကျင်းပမည့် အစည်းအဝေး၏ထူးခြားချက်မှာ အာဆီယံနိုင်ငံအကြီးအကဲများသာမက ဆွေးနွေးဖက်နိုင်ငံများမှ အကြီးအကဲများလည်း တက်ရောက်ကြမည်ဖြစ်ရာ မြန်မာနိုင်ငံအတွက် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ အများဆုံးလာရောက်သည့် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်တော့မည်ဖြစ်ပါသည်။

နိုင်ငံတော်အဆင့် နိုင်ငံခြားဧည့်သည်တော်တစ်ဦး မြန်မာနိုင်ငံသို့ လာရောက်တော့မည်ဆိုပါက နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ အလုပ်ရှုပ်ကြသည်။ ဌာနအလိုက် နောက်ခံအချက်အလက်များ၊ ဆွေးနွေးဖွယ်ရာများကို ရေးသူကရေး၊ တည်းဖြတ်သူက တည်းဖြတ်၊ ဘာသာပြန်သူကပြန်၊ ခရီးစဉ်အုပ်ချုပ်မှု အတွက်ညှိနှိုင်းသူက ညှိနှိုင်းနှင့် ရုံးတွင် အချိန်ပိုပြီး အချိန်ပို၊ တစ်ခါတစ်ရံ မိုးလင်းအထိ အလုပ်ရှုပ်ကြရသည်။

၂၀၁၁ ခုနှစ်နောက်ပိုင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကြောင့် နိုင်ငံခြားဆက်ဆံရေးမှာလည်း ပိုမိုလမ်းပွင့်လာခဲ့သည်။ မြန်မာနိုင်ငံအပေါ် အမြင်မကြည်လင်သည့် နိုင်ငံများနှင့်လည်း ရွှေလမ်း၊ ငွေလမ်းများ ဖောက်လုပ်နိုင်ခဲ့ပြီး ၂၀၁၂ ခုနှစ်အတွင်း အမေရိကန်သမ္မတ အိုဘားမားမြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ခြင်း၊ စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းခဲ့ခြင်းနှင့် ၂၀၁၄ ခုနှစ်အတွင်း အာဆီယံ၏အလှည့်ကျ ဥက္ကဋ္ဌရာထူးကို လက်ခံရရှိခဲ့ခြင်းတို့သည် နိုင်ငံတကာနှင့် ဒေသတွင်း မြန်မာနိုင်ငံ၏နေရာမှန်ပေါ် ရောက်ရှိ ခြင်းနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် နိုင်ငံတကာ၏ထောက်ခံမှုကို ထင်ဟပ်ပြသလျက်ရှိပါသည်။

အကျိုးဆက်အဖြစ် မြန်မာနိုင်ငံသို့ နိုင်ငံခြားဧည့်သည်တော်များ အဆက်မပြတ်ရောက်ရှိလာခဲ့ပြီး ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ထမ်းများ အိုဗာတိုင်ဆင်းရသည့်ရက်များ စိပ်လာသကဲ့သို့ ရုံးကိုအိမ်လုပ်ခဲ့ရသည့် ညပေါင်းလည်း မနည်းတော့ပါ။ အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံများသာမက ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံအကြီးအကဲ/အစိုးရအဖွဲ့အကြီးအကဲများလည်း တက်ရောက်ကြသည်ဖြစ်ရာ နိုင်ငံတော်အဆင့် ဧည့်သည်တော်တစ်ဦးလာရောက်သည့်အခါ လုပ်ဆောင်ရသည့် ဘာသာရပ်ပိုင်းနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ အလုပ်များထက် အဆပေါင်းများစွာပိုမည်ကို ခန့်မှန်းကြည့်နိုင်ပါသည်။ အလုပ်ရှုပ်မည့်အချိန်မှ နိုင်ငံခြားသို့ နှစ်ရှည်ပညာသင်သွားရခြင်းကြောင့် လူတွေက ကံကောင်းသည်ဟု ထင်ကြသည်။ နိုင်ငံတကာဆက်ဆံရေး တစ်ခေတ်ဆန်းလာချိန် နည်းပညာအကူအညီများ စီးဝင်လာချိန်တွင် စာရေးသူအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဩစတြေးလျနိုင်ငံသို့ ပါရဂူဘွဲ့သင်တန်းတက်ရောက်စေခဲ့သည်။

> **အာဆီယံဥက္ကဋ္ဌရာထူးကို တစ်နှစ်ကြာထမ်းဆောင်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒအောင်မြင်မှုဟု ခေါ်ဆိုနိုင်သည့်အပြင် မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးလှုပ်ရှားမှုများသည် ယခုအခါ ပိုမိုအသက်ဝင်လာမည်ဖြစ်။**

နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ငယ်စဉ်က ခရီးစဉ်ညှိနှိုင်းအုပ်ချုပ်မှုကိစ္စများတွင် ဗေထိဆိုအမြဲပါခဲ့သည့် ကျွန်တော်၊ နောက်ပိုင်း ဘာသာရပ်ပိုင်းဆိုင်ရာနှင့် ဘာသာပြန်ရာတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ကျွန်တော် ပညာသင်သွားရသည့်အတွက် ကံကောင်းသည်ဟု ဆိုနိုင်သော်လည်း သမိုင်းဝင်အစည်းအဝေးတွင် တာဝန်ထမ်းဆောင်ခွင့်မရတော့သည့်အတွက် ကံဆိုးသည်ဟုလည်း ဆိုချင်ပါသည်။ မည်သို့ပင်ဖြစ်စေ ကျရာတာဝန်ထမ်းဆောင်ရသည့် မင်းခယောကျ်ားဖြစ်သည့်အတွက် မိမိ၏လုပ်ဖော်ကိုင်ဖက်များ အာဆီယံထိပ်သီးအစည်းအဝေးအတွက် မမောနိုင်၊ မပန်းနိုင်ဆောင်ရွက်နေသည်ကို အဝေးတစ်နေရာမှ မှန်းဆရင်း ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာပါ ဓာတ်ပုံများနှင့် မှတ်ချက်များကို ကြည့်ကာ ဖြေသိမ့်ခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ ပညာတော်သင်တစ်ဦး ကျရာတာဝန်ကို ထမ်းဆောင်သည့်အနေဖြင့် မြန်မာနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌရာထူးရယူချိန် စွမ်းဆောင်ချက်များနှင့် ပတ်သက်၍ နိုင်ငံတကာ၏ သုံးသပ်ချက်များကို ခြုံငုံသိရှိနိုင်စေရန် ဩစတြေးလျအမျိုးသားတက္ကသိုလ်၏ East Asia Forum နှင့် New Mandala အာရှ-ပစိဖိတ်ဒေသနိုင်ငံတကာဆက်ဆံရေးကို အထူးပြုသည့် ပညာရပ်ပိုင်းဆိုင်ရာ ဘလော့ဂ်များတွင် စုစည်းဖော်ပြထားချက်များကိုအခြေခံကာ တင်ပြအပ်ပါသည်။

အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူးကို မြန်မာနိုင်ငံလက်ခံရရှိချိန်တွင် နိုင်ငံတကာ မီဒီယာ၊ နိုင်ငံတကာဆက်ဆံရေးလေ့လာသူများနှင့် မြန်မာ့အရေး လေ့လာသူများအကြား ပွက်လောရိုက်ခတ်သွားခဲ့ပါသည်။ အချို့က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အသိအမှတ်ပြုခံရခြင်း၏ ရလဒ်ဟုလည်းကောင်း၊ အချို့က ဆုလာဘ်ဟုလည်းကောင်း ရှုမြင်ကြပါသည်။ (Prakash 2013, Coates 2014)

အိမ်နီးချင်းနိုင်ငံကြီး နှစ်ခုအကြား သင့်မြတ်စွာနေထိုင်နိုင်ခဲ့သည့် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးဝါဒကိုင်တွယ်မှု သိမ်မွေ့ခဲ့ခြင်းကြောင့် အာဆီယံနှင့် တရုတ်အကြား ရှုပ်ထွေးနေသည့် တောင်တရုတ်ပင်လယ်အရေးကိစ္စအပေါ် ဖြေရှင်းပေးနိုင်သည့် အရိပ်အယောင်များပေါ်ထွက်လာနိုင်သည်ဟု ဆိုသူကလည်း ဆိုပါသည်။ (Marchi 2014) ထို့ပြင် အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခြင်းမှ မြန်မာနိုင်ငံသည် Middle Power အဆင့်ရှိနိုင်ငံတစ်နိုင်ငံဖြစ်လာနိုင်မှုကို ဟောကိန်းထုတ်ခဲ့ကြပါသည်။ (Robinson 2014)

အခြားတစ်ဖက်တွင်မူ မြန်မာနိုင်ငံ၏ အရင်းအမြစ်နှင့် စွမ်းဆောင်ရည်ကန့်သတ်ချက်များကြောင့် အာဆီယံ၏ထိပ်သီးအစည်းအဝေး ဝန်ကြီးအဆင့် အစည်းအဝေးမှသည် လုပ်ငန်းအစုအဖွဲ့အစည်းအဝေးအထိ တစ်နှစ်အတွင်း အစည်းအဝေးပေါင်း ၄၀၀ ခန့် လက်ခံကျင်းပနိုင်ရန် အခြေခံအဆောက်အအုံနှင့်ဝန်ဆောင်မှုများ၊ ဘာသာရပ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုများကို အာဆီယံသုတေသီတစ်ဦးက လက်တွေ့ကျကျ ထောက်ပြခဲ့ပါသည်။ (Thuzar 2013)

အာဆီယံထိပ်သီးအစည်းအဝေးများသည် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာမြင့်တက်စေသည်မှာ မှန်သော်လည်း ပြည်သူများအတွက် မည်သို့မည်ပုံထိရောက်နိုင်သည်ကို စာရေးသူတက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေး ဂုရုကြီးများကလည်း မေးခွန်းထုတ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေမှာ ငြိမ်းချမ်းရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ ဒုတိယအဆင့်ဖြစ်ကြောင်းနှင့် အာဆီယံဥက္ကဋ္ဌရာထူးကြောင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး အထောက်အကူပြုနိုင်မည်ဟု ခန့်မှန်းခဲ့ပါသည်။ (Coates 2014, Mac Donald 2014)

အထက်ဖော်ပြပါ သုံးသပ်ချက်အများစုကို ခြုံငုံ၍ မြန်မာနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူး ထမ်းဆောင်ခွင့်ရရှိခြင်းသည်-

(က) ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကို ရရှိခြင်း၊
(ခ) မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များအပေါ်ကို အထောက်အကူပြုနိုင်ခြင်း၊
(ဂ) နိုင်ငံတကာဆက်ဆံရေးဆန့်ထုတ်နိုင်သည့် အခွင့်အလမ်းရရှိခြင်းတို့ကို ဖြစ်စေပါသည်။

**သို့သော်လည်း စိန်ခေါ်မှုများအဖြစ်**

(က) အခြေခံအဆောက်အအုံနှင့် စွမ်းဆောင်ရည် ကန့်သတ်ချက်များ၊
(ခ) ပြည်တွင်းနိုင်ငံရေးနှင့် ဒေသတွင်းအရေးကိစ္စများကို ထောက်ပြထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် ပထမ(၁၀)လအတွင်း အာဆီယံထိပ်သီးအစည်းအဝေးတစ်ကြိမ်၊ အာဆီယံဝန်ကြီးများနှင့် အလွတ်သဘောအစည်းအဝေးများ၊ အခြားဝန်ကြီးအဆင့်အစည်းအဝေးများကိုအောင်မြင်စွာကျင်းပခဲ့ပြီး ဖြစ်ပါသည်။

အာဆီယံထိပ်သီးအစည်းအဝေးတွင် ဒေသတွင်းခေါင်းဆောင်များ စုံလင်စွာတက်ရောက်ပြီး ပြုံးပျော်စွာဖြင့် စုပေါင်းဓာတ်ပုံရိုက်ကြပြီး ဟိုတယ်အခန်းများကြောင့် ဧည့်သည်များ၏ ညည်းတွားသံများ မကြားရရုံမျှဖြင့်ပင် မြန်မာနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌရာထူးအောင်မြင်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း စာရေးသူ၏တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးသုတေသီတစ်ဦးက မှတ်ချက်ပြုခဲ့ပါသည်။ သို့သော် ၎င်းက လက်တွေ့တွင် မြန်မာနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌရာထူး ကိုင်တွယ်မှုသည် ယင်းထက်မက အောင်မြင်မှုရရှိခဲ့ကြောင်း၊ အထူးသဖြင့် တောင်တရုတ်ပင်လယ်ကိစ္စမှာ ယခင်အစည်းအဝေးများကဲ့သို့ အသံကျယ်လောင်စွာထွက်ပေါ်လာခြင်းမရှိဘဲ ပူးတွဲကြေညာချက်ထုတ်ပြန်နိုင်ခဲ့သည့်အပြင် ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်မည့် အာဆီယံအသိုက်အဝန်းအတွက် လက်ရှိအစီအစဉ်များကို အရှိန်မြှင့် လုပ်ဆောင်ရန်အတွက် မှန်ကန်စွာ ဦးဆောင်မှုပေးနိုင်ခဲ့ကြောင်း၊ ထိုအောင်မြင်မှုမှသည် မြန်မာနိုင်ငံသည် ထိုက်တန်ပြီး စွမ်းဆောင်ရည်ရှိသည့် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံအား အထီးကျန်ဖယ်ထား၍မရတော့သည်ကို သက်သေပြနေသည်ဟု မေလအတွင်း မြန်မာနိုင်ငံတွင် အာဆီယံထိပ်သီးအစည်းအဝေးကျင်းပအပြီး ၎င်းမှ ရေးသားဖော်ပြခဲ့ပါသည်။ (Davies 2014)

အထက်တွင်ဖော်ပြထားသကဲ့သို့ အာဆီယံဥက္ကဋ္ဌရာထူးကို တစ်နှစ်ကြာထမ်းဆောင်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒအောင်မြင်မှုဟု ခေါ်ဆိုနိုင်သည့်အပြင် မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးလှုပ်ရှားမှုများသည် ယခုအခါမှစတင်၍ ပိုမိုအသက်ဝင်လာမည်ဖြစ်သည်ဟု စာရေးသူအနေဖြင့် ဆိုချင်ပါသည်။

အာဆီယံဥက္ကဋ္ဌရာထူးတာဝန်သည် ကြီးလေးပြီး အတိမ်းအစောင်းမခံပါ။ ထို့ပြင် ဘာသာရပ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုများသာမက အရင်းအမြစ်ကန့်သတ်ချက်များကိုပါ ရင်ဆိုင်ကျော်လွှားခဲ့ရပါသည်။ တစ်နှစ်ကြာရရှိသည့် အတွေ့အကြုံများကြောင့် မိမိတို့၏ လူသားနှင့် ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်များသည် နောင်လာမည့် ပွဲများအတွက် လက်သွေးပြီးသားဖြစ်နေပါသည်။

သမိုင်းကြောင်းကိုပြန်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာ ဆက်ဆံရေးရည်မှန်းချက်များ မည်မျှမြင့်မားခဲ့သည်၊ စွမ်းဆောင်နိုင်ခဲ့သည်ကို လွတ်လပ်ရေးရပြီးနောက် ကုလသမဂ္ဂ ကိုလိုနီနယ်များကြီးကြပ်ရေးကော်မတီ၊ ဘန်ဒေါင်းညီလာခံ၊ ဘက်မလိုက်လှုပ်ရှားမှုတို့တွင် တက်ကြွစွာ လှုပ်ရှားခဲ့မှုများ၊ ထို့နောက် ကုလသမဂ္ဂ လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ပထမကော်မတီတွင် ယခုတိုင်တက်ကြွစွာ လှုပ်ရှားနေမှုများက သက်သေခံလျက်ရှိနေပါသည်။

အာဆီယံဥက္ကဋ္ဌရာထူးသည် မြန်မာနိုင်ငံ၏ဒေသတွင်း တာဝန်သိပြီး ဩဇာညောင်းသည့် နိုင်ငံတစ်နိုင်ငံဖြစ်လိုသည့် အိပ်မက်များကို လှုပ်နှိုးစေခဲ့သည်ဟု သုံးသပ်မိပါကြောင်း။

နေပြည်တော်တွင် မကြာမီကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးအောင်မြင်ပါစေကြောင်းနှင့် အစည်းအဝေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်နေသည့် ဝန်ထမ်းများအထူးသဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဆရာသမားများနှင့် လုပ်ဖော်ကိုင်ဖက်များအားလုံးကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါသည်။ ။

## ရန်ကုန်မြို့တော်ဝန်ဖလားတင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၈**

၂၀၁၄ ခုနှစ် အဋ္ဌမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးလှမြင့်၊ တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဖွင့်ပွဲနေ့သတ်မှတ်ထားသော ပြိုင်ပွဲများကိုစတင်ကျင်းပရာ ပွဲစဉ်ပေါင်း ၃၄ ပွဲ ကျင်းပပြီးစီးသည်။ အဋ္ဌမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲတွင် Tournament Director အဖြစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အုပ်ချုပ်ရေးမှူး ဒုတိယဗိုလ်မှူးကြီး တိုးမင်းကျော်(ငြိမ်း)က ဆောင်ရွက်ပြီး Referee အဖြစ် ဦးသိန်းအောင်က ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၁၄ ခုနှစ် အဋ္ဌမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလားတင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှစတင်၍ ယင်းတင်းနစ်ကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**



မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်း (၅၅) ရပ်ကွက်အတွင်းရှိ နေအိမ်များအတွင်းသို့ ရေများ ဝင်ရောက်လျက်ရှိပုံ။

(ပန်းမဉ္ဇူ)

## ပြည်တွင်းရေးရာ

# ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးသည် အတွေး၊ အပြော၊ အလုပ် အားလုံးပြုပြင်ပြောင်းလဲမှသာ အလုပ်ဖြစ်နိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ပြည်သူ့ခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ **(ယာပုံ)**






အဆိုပါ တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီတို့မှ ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား မွေးဖွားသန့်စင်ပေးသည့် မြို့၊ တစ်နည်းအားဖြင့် သမိုင်းအစဉ်အလာကြီးမားသည့် နတ်မောက်မြို့သို့ မိမိနှင့်အဖွဲ့လာရောက်ရသည့် ရည်ရွယ်ချက်မှာ လွှတ်တော်၏ ဆောင်ပုဒ်ဖြစ်သည့် ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဟူသော လွှတ်တော်မူဝါဒကို အကောင်အထည်ဖော်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း။

လွှတ်တော်များသည် ပြည်သူများ၏ဆန္ဒကို မေးခွန်းများမေးမြန်းခြင်း၊ အဆိုများဆွေးနွေးခြင်း၊ ဥပဒေများပြဋ္ဌာန်းခြင်းတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပညာရှင်များကလည်း လွှတ်တော်များသည် နိုင်ငံ၏အသက်သွေးကြောဖြစ်ပြီး လွှတ်တော်ရှိပါက ဒီမိုကရေစီရှိပြီး လွှတ်တော်မရှိပါက ဒီမိုကရေစီမရှိဟူ၍ သုံးသပ်ပြောကြားလေ့ရှိပါကြောင်း၊ လွှတ်တော်များက မိမိတို့လုပ်ငန်းစဉ်များကို ပီပီပြင်ပြင် ဆောင်ရွက်နိုင်ရန် လိုအပ်သည်ကို အသိအမှတ်ပြုထားပါကြောင်း။

မိမိတို့နိုင်ငံသည် ပြီးခဲ့သော ကာလအတန်ကြာက လွှတ်တော်များမရှိ၍ ဒီမိုကရေစီမရှိခဲ့ပါကြောင်း၊ ယခုအခါလွှတ်တော်များရှိ၍ ဒီမိုကရေစီရှိပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးရန်လမ်းကြောင်းပေါ် ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့သည့်အနက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှာ အဆင့်တစ်ခုသို့ရောက်ရှိခဲ့ပြီဖြစ်သော်လည်း ပြန်လည်သုံးသပ်မည်ဆိုပါက ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များသည် ပြည်သူများမျှော်လင့်သလောက်မဖြစ်သေးပါကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ အောက်ခြေဝန်ထမ်းများက မူဝါဒကိုလိုက်နာဆောင်ရွက်ခြင်းမရှိဟု သုံးသပ်မှုများရှိပါကြောင်း၊ အဆိုပါသုံးသပ်မှုသည် အပြည့်အဝလက်ခံနိုင်သည့် အချက်မဟုတ်ပါကြောင်း။

ယနေ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်မည်ဆိုလျှင် စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲရန်လိုပါကြောင်း၊ စိတ်ပိုင်းဆိုင်ရာမပြောင်းလဲပါက ထင်သလောက်ပြုပြင်ပြောင်းလဲနိုင်မည်မဟုတ်ပါကြောင်း၊ အောက်ခြေဝန်ထမ်းများကိုသာ အပြစ်ပြောနေပါက မတရားရာရောက်မည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့၊ လွှတ်တော်၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံရေးပါတီများအပိုင်းက စိတ်ဓာတ်ခံယူချက်များ ပြောင်းလဲရန်လိုအပ်ပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးသည် အတွေး၊ အပြောနှင့်သာမရနိုင်ဘဲ အတွေး၊ အပြော၊ အလုပ် အားလုံးပြုပြင်ပြောင်းလဲမှသာ အလုပ်ဖြစ်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုအားလုံး စိတ်ဓာတ်များပြောင်းလဲရန် လိုအပ်ပါကြောင်း။

လွှတ်တော်များကို ပါတီပေါင်း (၁၉)ပါတီမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပါကြောင်း၊ လွှတ်တော်အတွင်း၌ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက်ဆိုလျှင် ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့် အယူဝါဒစွဲ၊ ပါတီစွဲ မထားဘဲလုပ်ဆောင်မှသာ အောင်မြင်မှုရမည်ဖြစ်ပါကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းများကလည်း ယင်းသို့ခံယူလုပ်ဆောင်ရန် လိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် အတိတ်ကာလများက ပါတီအချင်းချင်း ကိုယ်နှင့်မတူ ကိုယ့်ရန်သူဟု သဘောထားကာ အပြုတ်တိုက်၊ အပြတ်ရှင်းရမည်ဆိုပြီး ခံယူလုပ်ဆောင်ခဲ့ကြ၍ တိုင်းပြည်ပင် နစ်နာပြီး ကျန်ရစ်ခဲ့သည်ကို သင်ခန်းစာယူကြရမည်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်သည် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်၍ ယင်းစနစ်ကို ကျင့်သုံးသည့် ပါတီများက နိုင်ငံကို ဦးဆောင်ရမည်ဖြစ်ပါကြောင်း၊ အခြားကမ္ဘာ့ဒီမိုကရေစီနိုင်ငံများတွင်လည်း ယခုကဲ့သို့ပင် ကျင့်သုံးလျက်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်အတွင်း၌ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုကို တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိပါကြောင်း။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ၌ ထူးခြားစွာ ပေါ်ထွက်ခဲ့သည့် ပုဂ္ဂိုလ်ကြီးဖြစ်ပါကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်မှာချက်များကို မိမိတို့လက်တွေ့ အကောင်အထည်ဖော်ပေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးသည် နိုင်ငံ့အရေးဖြစ်၍ ပြည်သူများသည် နိုင်ငံရေးကို နားလည်ပြီး အညာမခံရရန် လိုအပ်ပါကြောင်း။

လွှတ်တော်ဆောင်ပုဒ်သည် လွှတ်တော်အတွင်း၌သာ ချမှတ်ထားခြင်းဖြစ်သော်လည်း ယခုကဲ့သို့ ပြည်သူများနှင့် တွေ့ဆုံရာတွင် ပြည်သူ့အသံကို နားထောင်ပြီး လွှတ်တော်အတွင်းသို့ယူဆောင်ကာ ဆောင်ရွက်ပေးရန်လာခဲ့ခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့အသံများကို လွှတ်တော်အတွင်းသို့ ယူဆောင်ခဲ့ကြ၍ လွှတ်တော်အတွင်း၌ ပြည်သူ့အသံများ ဝေစည်လျက်ရှိပါကြောင်း၊ အစည်းအဝေးတစ်ကြိမ်လျှင် ပြည်သူ့အသံကို ထင်ဟပ်သည့်မေးခွန်းပေါင်း ၁၀၀၀ ခန့်ရှိပါကြောင်း၊ မိမိတို့နယ်များသို့ လှည့်လည်သွားလာစဉ် ပြည်သူများ၏အသံကို ကြားသိရသည့်အတွက် များစွာအကျိုးဖြစ်ထွန်းပါကြောင်း၊ ယခုကြုံကြိုက်တုန်း၌ ပြည်သူများ၏အသံ ပြည်သူများ၏ဆန္ဒကို တင်ပြပေးကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၊ နိုင်ငံရေးပါတီဝင်များနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကိုတင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ နိုင်ငံလူဦးရေအများစုမှာ တောင်သူလယ်သမားများဖြစ်ကြောင်း၊ သို့ဖြစ်၍ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆောင်ရွက်ရာတွင် တောင်သူလယ်သမားများကို အခြေခံ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အဆိုပါ ဥပဒေအရ တောင်သူလယ်သမားများအတွက် လိုအပ်သည့် စိုက်ပျိုးစရိတ်၊ နည်းပညာနှင့် ထွက်ကုန်များ ဈေးကွက်ရရှိရေးအပြင် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးသွားသော သီးနှံများအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးရန် ကိစ္စရပ်များအပါအဝင် ထည့်သွင်းရေးဆွဲထားပါကြောင်း။

မိမိတို့ လွှတ်တော်တွင် ဥပဒေပြုရေးကိစ္စရပ်များအပြင် ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရသာမက ပြည်သူများကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြား၍ တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် နတ်မောက်မြို့ရှိ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ အလှူငွေပေးအပ်ခဲ့သည်။

ဆက်လက်၍ နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ရှိ ဈေးဝင်းမင်းကျောင်းပရိယတ္တိစာသင်တိုက်၌ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များကို သွားရောက်ဖူးမြော်ကြည်ညိုပြီး ဒေသဖွံ့ဖြိုးရေးနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခဲ့သည်။

ထို့အတူ မွန်းလွဲပိုင်းတွင် နတ်မောက်မြို့ရှိဒီပင်္ကရာကျောင်းတိုက်၌ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များကို သွားရောက်ဖူးမြော်ကြည်ညိုပြီး ဒေသဖွံ့ဖြိုးရေးနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

၂၀၁၄ ခုနှစ် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မိနီမာရသွန်ပြိုင်ပွဲနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ စက်ဘီးစီးသရုပ်ပြပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီက စစ်တွေမြို့ စာတိုက်ကြီးရှေ့သတ်မှတ်နေရာ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဝါသနာရှင်ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မြန်မာ့လက်ရွေးစင်စက်ဘီးအားကစားသမားများ၏ စက်ဘီးစီးသရုပ်ပြပြိုင်ပွဲအားလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက အမျိုးသားအသက်(၁၈)နှစ်အောက် မိနီမာရသွန်ပြိုင်ပွဲအားလည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေးက အသက်(၁၈)နှစ်အောက် အမျိုးသမီးမိနီမာရသွန်ပြိုင်ပွဲအားလည်းကောင်း သေနတ်ပစ်ဖောက်ကာ အသီးသီးတာလွှတ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် စက်ဘီးစီးသရုပ်ပြပြိုင်ပွဲနှင့် မိနီမာရသွန်ပြိုင်ပွဲများကို ရွှေစေတီဘုန်းတော်ကြီးကျောင်းအနီး၌ ပြိုင်ပွဲဝင်အားကစားသမားများ ယှဉ်ပြိုင်နေမှုကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၁၈)နှစ်အောက်အမျိုးသား အမျိုးသမီး မိနီမာရသွန်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသား မိနီမာရသွန်ပြိုင်ပွဲတွင် တတိယဆုရမောင်ညွှန့်ဝင်း (စစ်တွေမြို့ နယ်)၊ ဒုတိယဆုရ မောင်ဇော်သိန်းဝင်း(ကျောက်ဖြူမြို့နယ်)နှင့် ပထမဆုရ မောင်ရဲထက်နိုင် (ကျောက်ဖြူ မြို့နယ်)တို့အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းကလည်းကောင်း၊ အမျိုးသမီးမိနီမာရသွန်ပြိုင်ပွဲတွင် တတိယဆုရ မဇာခြည်ထွန်း(ကျောက်တော်)၊ ဒုတိယဆုရ မမေမိုးဦး (စစ်တွေမြို့နယ်)နှင့် ပထမဆုရ မသန်းသန်းဝေ (ပေါက်တောမြို့နယ်)တို့အား ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက လည်းကောင်း ငွေသားဆုနှင့် ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် မွန်းလွဲပိုင်းတွင် ဓညဝတီအားကစားခန်းမ၌ ကျင်းပသော ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် စစ်တွေမြို့အစိုးရအထက်တန်းကျောင်းအမှတ် (၄)ရှိ မဟာပညာကျော်ခန်းမ၌ ကျင်းပသော ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ဒေသတွင်းခရိုင်ပေါင်းစုံ အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကာ ဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ၊ တံခွန်စိုက်ဖလားနှင့် ငွေသားဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

# တာမွေ၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၈**

တာမွေမြို့နယ် ကျောက်မြောင်းအထက်ရပ်ကွက် ဗညားဒလလမ်း မြို့မရဲစခန်းရှေ့ရှိ ဆွေဒီစားသောက်ဆိုင်၌ နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆွေဒီစားသောက်ဆိုင်တွင် ဂက်စ်မီးဖိုအသုံးပြုရာမှ ဂက်စ်ပိုက်ပေါက်၍ မီးကူးကာမျက်နှာကြက်နံရံနှင့် ဂက်စ်ပိုက်များ မီးလောင်ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့ကြီးကြပ်၍ မီးသတ်ယာဉ် ၁၀ စီး၊ အုပ်ချုပ်မှုယာဉ် တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ရာ နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ အမှုဖွင့်တရားစွဲဆိုထားကြောင်း သိရသည်။

**(၁၉၇)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး


**ပေကျင်း နိုဝင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ခန်းမဆောင်ကြီး အုန်းဟွေးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးရာတွင် ကျောက်ဖြူစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်နှင့် ရေအားလျှပ်စစ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်နှင့် မြန်မာနိုင်ငံအကြား လမ်းပန်းဆက်သွယ်မှုအခြေအနေတိုးမြှင့်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ အာဆီယံ-တရုတ် ဆက်ဆံရေးနှင့် ဒေသတွင်းဆက်ဆံရေး အခြေအနေများ၊ မြန်မာပညာတော်သင်များ စေလွှတ်ရေး၊ တရုတ်ဝန်ကြီးချုပ်၏ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးတို့ တက်ရောက်ကြပြီး တရုတ်ဝန်ကြီးချုပ်နှင့်အတူ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး၊ တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတကာ ကုန်သွယ်မှုဆွေးနွေးညှိနှိုင်းမှုနှင့် ကုန်သွယ်ရေးဒုတိယဝန်ကြီးတို့ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ်တို့သည် ယခုနှစ် ဇွန် ၂၈ ရက်ကလည်း ပြည်သူ့ခန်းမဆောင်ကြီး၌ပင် တွေ့ဆုံခဲ့ကြပြီး ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ တရုတ် စီးပွားရေးစင်္ကြံ တည်ထောင်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြကြောင်းနှင့် တရုတ်ဝန်ကြီးချုပ်အနေဖြင့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ပြီးပါက မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)



ဇိုလူမျိုးတို့၏ ရိုးရာပွဲတော် ရန်ကုန်၌ ကျင်းပသည်ကို မြင်တွေ့ရစဉ်။

# ချင်းတိုင်းရင်းသား ဇိုလူမျိုးတို့၏ရိုးရာ ဇိုခွာဒိုပွဲ ရန်ကုန်၌ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၈**

သတင်း » နေလင်း(သတင်းစဉ်)
ဓာတ်ပုံ » မင်းသစ်

မြန်မာနိုင်ငံတွင် တိုင်းရင်းသားပေါင်းစုံချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲနေထိုင်ပြီး ရိုးရာဓလေ့ထုံးတမ်းပွဲတော်များကိုလည်း ကျင်းပလျက်ရှိသည်။ ဘိုးဘေးဘီဘင်များ၏ ရိုးရာဓလေ့ထုံးတမ်းများ မကွယ်ပျောက်စေရန်နှင့် လူငယ်မျိုးဆက်များအနေဖြင့် ရိုးရာဓလေ့များကို လက်ဆင့်ကမ်းပြီး ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် မြေပြန့်ရောက် ချင်းတိုင်းရင်းသား ဇိုလူမျိုးများကြီးမှူးကျင်းပသည့် ဇိုရိုးရာ ဇိုခွာဒိုပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အေးရှားပလာဇာဟိုတယ်၌ ကျင်းပခဲ့သည်။

ယနေ့ကျင်းပသည့် ဇိုခွာဒိုပွဲမှာ ဇိုလူမျိုးတို့၏ ကောက်ရိတ်သိမ်းပြီးချိန် နတ်ပူဇော်ပသသည့်ပွဲဖြစ်ပြီး နွေရာသီကောက်မစိုက်မီတွင်လည်း အသီးအနှံများ အထွက်ကောင်းစေရန် နတ်ပူဇော်ပသသည့်ပွဲဖြစ်ကြောင်း သိရသည်။

ဇိုခွာဒိုပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ပွဲဖြစ်မြောက်ရေးမှ ဦးကမ်းခင်းဒါးက "မြေပြန့်မှာရောက်နေတဲ့ ဇိုလူမျိုးလူငယ်တွေအနေနဲ့ ဘိုးဘေးဘီဘင်တွေရဲ့ ရိုးရာဓလေ့ထုံးတမ်းတွေကို မေ့သွားမှာစိုးလို့ ပွဲတော်လုပ်ရခြင်းဖြစ်ပါတယ်။ ဒီပွဲက တိုင်းရင်းသားအချင်းချင်း ရိုင်းပင်းကူညီတဲ့ပွဲ၊ အသီးအနှံတွေ အောင်အောင်မြင်မြင်ဖြစ်ထွန်းအောင် ဘိုးဘေးတွေ ကိုးကွယ်ခဲ့တဲ့ နတ်ကိုပူဇော်ပသပြီး ကျေးဇူးတင်တဲ့ပွဲဖြစ်ပါတယ်"ဟု ပြောသည်။

ကောက်သစ်ရိတ်သိမ်းပြီးချိန် ချင်းတိုင်းရင်းသား ဇိုလူမျိုးတို့၏ ဇိုခွာဒိုပွဲကို ချင်းပြည်နယ် တီးတိန်နှင့် တွန်းဇံမြို့များတွင် ကျင်းပခဲ့ရာမှ မြေပြန့်ရောက် ဇိုလူမျိုးများကငင်းတို့၏ မျိုးဆက်များအား ဓလေ့ထုံးတမ်းများကို မမေ့မလျော့မကွယ်ပျောက်စေရန်အတွက် ရန်ကုန်မြို့တွင် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်ရောက် ဇိုလူမျိုး အသက် (၈၆)နှစ်အရွယ် အဘိုးတစ်ဦးကလည်း "ရန်ကုန်မှာ လုပ်တာနဲ့ ချင်းပြည်နယ်မှာလုပ်တာ သိပ်မထူးခြားပါဘူး။ ပျော်ရွှင်မှုကတော့ အတူတူပါပဲ။ ဇိုလူမျိုး မျိုးဆက်သစ်တွေအနေနဲ့ သစ္စာရှိမယ်၊ ရိုးသားမယ်၊ နိုးကြားမယ်ဆိုရင် ရိုးရာဓလေ့ဟာ လုံးဝပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး"ဟု ပြောသည်။

"ချင်းတောင်မှာဆိုရင်တော့ ခေါင်ရည်အိုးတွေ စီပြီးတော့ စုပ်ရတဲ့ဟာကိုတော့ အရမ်းကို သတိရတယ်။ ဒီမှာကတော့ ဖျော်ရည်ပဲ သောက်ရတာပေါ့"ဟု ချင်းပြည်နယ် တွန်းဇံ၌ ၂၀၁၃ ခုနှစ်တွင် ကျင်းပခဲ့သည့် ဇိုခွာဒိုပွဲကို ပြန်လည်၍ အမှတ်တရ ဦးကမ်းခင်းဒါးက ပြောပြသည်။

ယနေ့ရန်ကုန်တွင် ကျင်းပသည့် ချင်းတိုင်းရင်းသား ဇိုလူမျိုးတို့၏ ဇိုရိုးရာခွာဒိုပွဲတော်တွင် ဇိုရိုးရာယဉ်ကျေးမှုအကများ၊ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

○ ကျောက်တော်မှ

ပြည်သူများသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အထူးသီးသန့်ရန်ပုံငွေနှင့် ပြည်နယ်အစိုးရရန်ပုံငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ဖြစ်သည်။

ရှောက်ချောင်း ရေလှောင်တမံသည် အလျား ပေ ၄၀၀၊ အမြင့် ၅၅ ပေနှင့် ရေလှောင်ပမာဏ ၁၁၄၀ ဧကပေ သိုလှောင်နိုင်မည့် မြေသားရေလှောင်တမံတစ်ခုဖြစ်ပြီး ကျောက်တော်မြို့နယ်နေ ပြည်သူလူထုအတွက် လိုအပ်သော သောက်သုံးရေကို တစ်နှစ်ပတ်လုံး ဖူလုံစွာပေးဝေနိုင်မည် ဖြစ်သည်။

ရှောက်ချောင်းရေလှောင်တမံ စီမံကိန်းသည် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ရှောက်ချောင်းကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ ပိတောက်ချောင်းပေါ်တွင် တည်ရှိသည်။ အဆိုပါ စီမံကိန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှ ညွှန်ကြားရေးမှူး ဦးဗိုလ်ဗိုလ်ကျော်က ရှောက်ချောင်းရေလှောင်တမံ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိက ပါဝင်သောလုပ်ငန်းကဏ္ဍများမှာ အကြိုတည်ဆောက်ခြင်း၊ တမံတည်ဆောက်ခြင်း၊ ရေထုတ်ပြွန်တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းတို့ဖြစ်ပါကြောင်း။

အကြိုတည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဆောင်ရွက်ခဲ့ပြီး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း။

တမံတည်ဆောက်ခြင်းလုပ်ငန်းတွင် ဘူမိဗေဒစမ်းသပ်ချက်အရ အောက်ခံမြေသားမှာ သဲကြောလွှာနှင့် ရွှံ့မြေလွှာတို့ ပေါင်းစပ်ထားသော ရွှံ့စေးမြေဖြစ်၍ ခံနိုင်အားမရရှိသောကြောင့် အောက်ခံမြေလွှာ ဖယ်ရှားခြင်းနှင့် ရေစိမ့်ဝင်မှုကို ကာကွယ်နိုင်ရန်အတွက် Steel Sheet Pile ပေ ၂၀ ခန့်ရိုက်သွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ တမံတည်ဆောက်ခြင်းလုပ်ငန်း မြေကြီးလုပ်ငန်းတွင် စုစုပေါင်းလျာထားပမာဏမှာ ၇၅၈၄၅ ကျင်းရှိပြီး ၂၀၂၆၆ ကျင်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ၂၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း၊ ယခု ပွင့်လင်းရာသီတွင် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသောလုပ်ငန်းများအား ၂၀၁၅ ခုနှစ် မတ်လတွင် ပြီးစီးရန် လျာထားကြောင်း ပြောကြားသည်။

ဆက်လက်၍ ရေထုတ်ပြွန်တည်ဆောက်ခြင်းလုပ်ငန်း မြေကြီးလုပ်ငန်းတွင် စုစုပေါင်းလျာထားပမာဏမှာ ၃၉၁၇ ကျင်းရှိပြီး ၃၈၆၀ ကျင်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ၈၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း။

ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း မြေကြီးလုပ်ငန်းတွင် စုစုပေါင်းလျာထားပမာဏမှာ ၁၇၉၅၈ ကျင်းရှိပြီး ၁၅၁၀၈ ကျင်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ၈၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း၊ ကွန်ကရစ်လုပ်ငန်းတွင် စုစုပေါင်း လျာထားပမာဏမှာ ၃၀၈ ကျင်းရှိပြီး ၁၄၂ ကျင်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ၄၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ယခု ပွင့်လင်းရာသီတွင် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသောလုပ်ငန်းများကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

သို့ဖြစ်ပါ၍ ရှောက်ချောင်း ရေလှောင်တမံကို တည်ဆောက်ပေးခြင်းဖြင့် ကျောက်တော်မြို့ရှိ ပြည်သူလူထုအတွက် သောက်သုံးရေကို လုံလောက်စွာ ပေးဝေနိုင်ရုံမျှမကဘဲ နှစ်စဉ်တိုးတက်လာသော ဒေသခံလူဦးရေအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသည်ဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် စီမံကိန်းဖြစ်ကြောင်း တင်ပြလိုက်ပါသည်။ ။



ကျောက်တော်မြို့နယ်ရှိ ရှောက်ချောင်းရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်အားတွေ့ရစဉ်။

## ပြည်တွင်းရေးရာ

■**ကျောဖုံးမှ**

အကောင်အထည်ဖော်ရေး၊ ပင်လယ်ပြင်ပိုးလမ်းမကြီးတည်ထောင်ရေးနှင့် ဘင်္ဂလားဒေ့ရှ်-အိန္ဒိယ-မြန်မာ-တရုတ်စီးပွားရေးစင်္ကြံတည်ထောင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။


ထို့ပြင် ၂၀၁၅ ခုနှစ်တွင် တရုတ်-မြန်မာသံတမန်ဆက်ဆံမှု (၆၅)နှစ်ပြည့် အခမ်းအနားများကို နှစ်နိုင်ငံပူးပေါင်းကျင်းပရန်၊ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ တရုတ်နိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီးတို့တက်ရောက်ကြပြီး တရုတ်နိုင်ငံသမ္မတနှင့်အတူ နိုင်ငံတော်ကောင်စီဝင်ယန်ကျဲချီ၊ နိုင်ငံခြားရေးဝန်ကြီးဝမ်ယိနှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာဗီလာ(၃)တွင် China Daily သတင်းစာမှ အကြီးတန်းသတင်းထောက် ကျောက်ယီနန်နှင့် တွေ့ဆုံခဲ့ပြီး တရုတ်-မြန်မာဆက်ဆံရေးနှင့် မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလားအလာများနှင့်ပတ်သက်သည့် မေးခွန်းများကို ဖြေကြားခဲ့သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ယခုနှစ်ဇွန်လအတွင်းကလည်း တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပေကျင်းမြို့တွင် ကျင်းပသည့် မြန်မာ-တရုတ်-အိန္ဒိယနိုင်ငံတို့ချမှတ်ခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှစ်(၆၀)ပြည့်အခမ်းအနားသို့လည်း တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာ ကျန့်တဲ့ကျန်းနှင့် တွေ့ဆုံ

**ပေကျင်း နိုဝင်ဘာ ၈**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာ ကျန့်တဲ့ကျန်းတို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ကျောက်ယုထိုင် နိုင်ငံတော် ဧည့်ဂေဟာ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မစ္စတာကျန့်တဲ့ကျန်းက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**



**ဒေါက်တာဘုန်းမော်(ဆေးရုံအုပ်ကြီး) နေပြည်တော်ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး**



**ဒေါက်တာမော်မော်ဦး(အထူးကု) နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး**

❖ကြိုတင်ပြင်ဆင်မှုများမှ

**ဒေါက်တာဘုန်းမော်(ဆေးရုံအုပ်ကြီး) နေပြည်တော်ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးတွေ ကျင်းပချိန်မှာ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ဆောင်ရွက်ထားရှိထားတွေ အများကြီးရှိပါတယ်။ အစည်းအဝေး ကျင်းပမယ့် MICC-1 မှာဆိုရင် ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း နှစ်ခန်းဖွင့်လှစ်ထားပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အပေါ်ထပ်က ဆေးခန်းမှာ အရေးကြီးပုဂ္ဂိုလ်တွေအတွက် ကျန်းမာရေး စောင့်ရှောက်မှုတွေ ပြုလုပ်သွားမှာဖြစ်ပြီး အောက်ထပ်က နောက်တစ်ခန်းကတော့ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေ၊ မီဒီယာသမားတွေ၊ အခြားဧည့်သည်တွေအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားမှာဖြစ်ပါတယ်။ အပေါ်ထပ်က အရေးကြီးပုဂ္ဂိုလ်တွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုအခန်းမှာ လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုပစ္စည်းကိရိယာ အားလုံးကိုထားရှိပြီး အထူးကုသမားတော်၊ အရေးပေါ်ဆရာဝန်နဲ့ သူနာပြုဆရာမတွေ ထားရှိဆောင်ရွက်မှာပါ။ အောက်ထပ်က ကျန်းမာရေးစောင့်ရှောက်မှု အခန်းမှာလည်း အပေါ်ထပ်မှာလိုပဲ ပစ္စည်းကိရိယာ အစုံအလင်ပါရှိပြီး သမားတော်တစ်ဦးနဲ့ အရိုးအထူးကုဆရာဝန်၊ သူနာပြုတွေ ထားရှိဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှုအတွက် MICC-1 မှာ အခန်းတွေ ဆောင်ရွက်ထားသလိုပဲ ဆေးဝါးတွေ အစုံအလင်ပါရှိတဲ့ လူနာတင်ယာဉ်နှစ်စီးကို ဆောင်ရွက်ထားပါတယ်။ အရေးကြီးပုဂ္ဂိုလ်တွေနဲ့ ကိုယ်စားလှယ်တွေ လာရောက်တဲ့အခါ သူတို့သွားတဲ့လမ်းကြောင်းတစ်လျှောက်မှာ သူတို့ရဲ့ ယာဉ်တန်းတွေနဲ့ လူနာတင်ယာဉ်တွေကိုလည်း စီစဉ်ထားပါတယ်။ အဲဒီမှာ သမားတော်တွေနဲ့အတူ ဆေးအဖွဲ့တွေလည်း ပါမှာဖြစ်ပါတယ်။ သူတို့နဲ့ လိုက်ပါပြီး ၂၄ နာရီ ကျန်းမာရေးစောင့်ရှောက်မှုပေးမှာဖြစ်ပါတယ်။ အဖွဲ့အနေနဲ့ ၃၅ ဖွဲ့ရှိပြီး လူနာတင်ယာဉ် ၃၅ စီး ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ နေပြည်တော်ခုတင်(၁၀၀၀)ဆံ့ ဆေးရုံကြီးမှာ အရေးပေါ်လိုအပ်လို့ပဲဖြစ်ဖြစ် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြသလိုရင်ပဲဖြစ်ဖြစ် ဆေးရုံမှာ ပြင်ဆင်ထားတာရှိပါတယ်။ လူနာရောက်ရောက်ချင်း အရေးပေါ်ဌာနမှာ ကုသဖို့ ဆောင်ရွက်ထားပါတယ်။ ပြီးတော့ လိုအပ်ရင် ဆေးရုံက အထူးကြပ်မတ် ကုသဆောင်မှာ တက်ရောက်ကုသနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ အရေးပေါ်ခွဲစိတ်ဖို့ လိုအပ်ရင်လည်း ခွဲစိတ်ဖို့ ခွဲခန်းတွေကို ပြင်ဆင်ထားပါတယ်။ အရေးကြီးပုဂ္ဂိုလ်တွေ ဆေးရုံကို ဆေးကုသဖို့ လာရောက်ပြသခဲ့မယ်ဆိုရင် ခေတ္တနားနေနိုင်ဖို့လည်း စီစဉ်ထားပါတယ်။

**ဒေါက်တာမော်မော်ဦး**
**အထူးကုဆရာဝန်ကြီး**
**အရေးပေါ်ဌာန**
**နေပြည်တော် ခုတင်(၁၀၀၀)ဆံ့**
**အထွေထွေရောဂါကုဆေးရုံကြီး**

နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးအနေနဲ့ အာဆီယံထိပ်သီး အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ထားမှုတွေကို ပြောပြရရင် ကုသရေးဆိုင်ရာပစ္စည်းတွေကို အရင်ကထက်ပိုပြီး ထည့်သွင်းထားပါတယ်။ ပြီးတော့ အရေးပေါ်ဌာနမှာ အရေးကြီးပုဂ္ဂိုလ်တွေ ကုသနိုင်ဖို့ သီးသန့်ခန်းဆိုပြီး သတ်မှတ်ထားရှိပါတယ်။ အဲဒီအခန်းမှာ အသက်ကယ်ပစ္စည်းကိရိယာဟာ ဆိုရင်လည်း နိုင်ငံတကာအဆင့်မီလို့ ပြောလို့ရလောက်တဲ့အထိ အခြားနိုင်ငံတွေမှာသုံးစွဲနေတဲ့ အရေးပေါ်ခန်းသုံး ပစ္စည်းတွေထက် အရည်အသွေးမနိမ့်အောင် ထည့်သွင်းအသုံးပြုထားပါတယ်။ ဒီပစ္စည်းကိရိယာတွေ စီစဉ်ထားပုံကိုလည်း နိုင်ငံတကာကနေလာတဲ့ အိန္ဒိယ၊ အမေရိက၊ ရုရှား စတဲ့ အဖွဲ့တွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ လာရောက်စစ်ဆေးပေးပါတယ်။ ဒီလိုစစ်ဆေးပြီးတဲ့နောက် သူတို့ကိုယ်တိုင် လက်ခံကြပါတယ်။

ဒီမှာရှိတဲ့ ပစ္စည်းကိရိယာတွေအကုန်လုံးမှာ MICC ထဲက ဆေးခန်းလိုပါပဲ၊ အသက်ကယ်ကိရိယာတွေ စုံလင်စွာ တပ်ဆင်ထားပါတယ်၊ အရေးကြီးပုဂ္ဂိုလ်တွေ ဖျားနာတာပဲဖြစ်ဖြစ် တစ်စုံတစ်ခုဖြစ်ခဲ့ရင် သူတို့ရဲ့ လုံခြုံရေးအတွက် သူတို့အဖွဲ့မှာ အတူပါလာတဲ့ ဆရာဝန်တွေ၊ လုံခြုံရေးတွေကိုယ်တိုင်ဝင်ပြီးစောင့်ရှောက်ပေးလို့ ရနိုင်စေဖို့အထိ စီမံထားပါတယ်။ တကယ်လို့ အရေးပေါ်ကနေပြီးတော့ လူနာအခြေအနေ ကောင်းသွားပြီဆိုရင် ရွှေ့ပြောင်းပေးဖို့ကတော့ အထူးကြပ်မတ်ကုသဆောင်ကို ဖြစ်ပါတယ်။

အထူးကြပ်မတ်ကုသဆောင်ကို ရွှေ့ပြောင်းပေးနိုင်ဖို့အတွက် လူနာတင်ကားနှစ်စီးကို အဆင်သင့် ပြင်ဆင်ထားပါတယ်။ ဒီနှစ်စီးက ခွဲစိတ်ခန်းကို ပို့စရာရှိတာ ပို့မယ်။ အထူးကြပ်မတ်ကုသဆောင်ကို ပို့ဖို့လိုရင် အထူးကြပ်မတ်ကုသဆောင်ကို ပို့မယ်။ တကယ်လို့ ဆေးဝါးကုသမှုကို သူတို့နိုင်ငံမှာပဲ ပြန်ပြီးပြုလုပ်ချင်တယ်၊ ကုသချင်တယ် ဆိုရင်လည်း လေဆိပ်အထိ ပြန်ပို့ပေးဖို့ လူနာတင်ယာဉ်တွေ အဆင်သင့်ရှိပါတယ်။

တကယ်လို့ အစုလိုက်အပြုံလိုက် ဒဏ်ရာရရှိတာမျိုးနဲ့ ကြုံကြိုက်လာရင်လည်း ခုတင်(၁၀၀၀) အရေးပေါ်ဌာနမှာ လူနာ ၂၆ ယောက်ကို တစ်ပြိုင်တည်း ကုသနိုင်အောင် စီစဉ်ထားရှိပါတယ်။ ဒီ့ထက်ပိုပြီး ထိခိုက်ဒဏ်ရာရသူတွေ များလာမယ်ဆိုရင်လည်း ကျွန်တော်တို့ အခန်းတွေ ကြိုတင်ပြင်ဆင်ထားပြီးသား ဖြစ်ပါတယ်။

ယခုကဲ့သို့ ဘက်စုံကဏ္ဍစုံမှ စီစဉ်ဆောင်ရွက်ထားရှိသည့် အခြေအနေများကို လက်တွေ့သိမြင်ခဲ့ရသည့်အတွက် မကြာမီကျင်းပတော့မည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းဝေးပွဲကြီးတွင် အောင်မြင်ပြည့်စုံသည့် အစီအမံကောင်းများဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်တော့မည်ဟု ယုံကြည်ပါကြောင်း။ ။



**ကျန်းမာရေးစောင့်ရှောက်မှုအတွက် MICC-1 တွင် ထားရှိမည့် ဆေးဝါးအစုံအလင်ပါရှိသော လူနာတင်ယာဉ်ကို တွေ့ရစဉ်။**

●**မြန်မာ့လက်ရွေးစင်မှ**

မြန်မာအသင်းမှာ ခြေစစ်ပွဲတွင် ပဏာမနေရာမှ အောင်မြင်လာခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးအဆင့်ပွဲစဉ်များအတွက် ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။ လက်ရှိတွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ပဏာမကစားသမား ၂၄ ဦးစလုံးကို ခေါ်ဆောင်သွားခဲ့သည်။ မြန်မာအသင်းသည် ယင်းခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲကစားမည်ဖြစ်ပြီး နိုဝင်ဘာ ၉ ရက်တွင် ကာတာပထမတန်းကလပ် Al Khertev အသင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် Al Mrkhia အသင်း၊ နိုဝင်ဘာ ၁၅ ရက်တွင် Al Sailiya အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲ၌ အုပ်စုကျပ်အတွင်း ကျရောက်နေသောကြောင့် ဆီမီးတက်ရန် ခက်ခက်ခဲခဲကစားရမည်ဖြစ်ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် အောင်မြင်မှု ကြီးကြီးမားမားမရရှိဖူးပေ။

**(ရှိုင်းထက်ဇော်)**

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

၂၀၁၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား ရှစ်မြို့နယ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို နိုဝင်ဘာ ၅ ရက် ညနေ ၃ နာရီခွဲက ဝဏ္ဏသိဒ္ဓိ လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ကျင်းပရာ ပျဉ်းမနားမြို့နယ် ဘောလုံးအသင်းက တပ်ကုန်းမြို့နယ်ဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေနှင့်တာဝန်ရှိသူများ တက်ရောက်အားပေးချီးမြှင့်ကြပြီး ဒုတိယရရှိသော တပ်ကုန်းမြို့နယ်အသင်းအား နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက ဆုပေးအပ်ပြီး ပထမရရှိသော ပျဉ်းမနားမြို့နယ်အသင်းအား ဆုဖလားကို ပြည်ထောင်စုဝန်ကြီးက ပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။



**(အပေါ်ပုံ)** **(ဇော်မင်းအောင်)**



# တန်ဆောင်တိုင်အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်

**တောင်ကြီး နိုဝင်ဘာ ၈**

တောင်ကြီးတန်ဆောင်တိုင် အထိမ်းအမှတ်ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို တောင်ကြီးမြို့ အဝေယာကုန်းသာယာကွင်း၌ နိုဝင်ဘာ ၇ ရက် ညပိုင်းက ကျင်းပကြောင်း သိရသည်။

ဓာတ်ပုံပြိုင်ပွဲများမှာ ဘုံကထိန်နှင့် မသိုးသင်္ကန်းရက်ပြိုင်ပွဲခေါင်းစဉ်ဖြင့်လည်းကောင်း၊ နေ့လွှတ်အရုပ်မီးပုံးပျံ (တစ်ကောင်ချင်း၊ အုပ်စု) ပြိုင်ပွဲနှင့် ပွဲတော်ရှုခင်း(နေ့)ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ညလွှတ်မီးပုံးပျံ ညမီးကြီးပြိုင်ပွဲခေါင်းစဉ်ဖြင့်လည်းကောင်း၊ စိန်နားပန်မီးပုံးပျံပြိုင်ပွဲ၊ ပွဲတော်ရှုခင်း(ည)နှင့် ကွင်းဖွင့်ရှုခင်း(ည) ပြိုင်ပွဲခေါင်းစဉ်ဖြင့်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဘုံကထိန်နှင့်မသိုးသင်္ကန်းပြိုင်ပွဲတွင် ပထမဆု ဦးအောင်ဆန်း၊ ဒုတိယဆု မောင်အေးမင်းထွေး၊ တတိယဆု မောင်ကျော်ကျော်စိုးနှင့် နှစ်သိမ့်ဆုများအဖြစ် စိုးဝေ(တောင်ကြီး)၊ ချစ်မိုး၊ မောင်ထင်လင်းအောင်တို့ရရှိကြသည်။ နေ့လွှတ်အရုပ်မီးပုံးပျံ (တစ်ကောင်ချင်း၊ အုပ်စု) ပြိုင်ပွဲနှင့် ပွဲတော်ရှုခင်း(နေ့) ပြိုင်ပွဲတွင် ပထမဆု ဦးစောရွှေရ (ရှမ်းပြည်)၊ ဒုတိယဆု ဒေါ်ခင်မေဦး၊ တတိယဆု ဂျူးလီ(အောင်ဆန်း)နှင့် နှစ်သိမ့်ဆုများအဖြစ် စိုးလွင် (ရွှေခနဲ)၊ စိုင်းသန်းကျော်၊ မောင်မောင် (ရတနာပုံ)တို့ ရရှိကြသည်။

ညလွှတ်မီးပုံးပျံ ညမီးကြီးပြိုင်ပွဲတွင် ပထမဆု အယ်ဖြိုး (ဖြိုးမြင့်အောင်)၊ ဒုတိယဆု မောင်ထက်အောင်၊ တတိယဆု စိုင်းနော်ဆိုင်းနှင့် နှစ်သိမ့်ဆုများအဖြစ် မလှလှမေ၊ ငြိမ်းဝေ၊ ဦးရန်မျိုးအောင်တို့ရရှိကြသည်။ စိန်နားပန်မီးပုံးပျံပြိုင်ပွဲ ပွဲတော်ရှုခင်း(ည)နှင့် ကွင်းဖွင့်ပွဲရှုခင်းပြိုင်ပွဲတွင် ပထမဆု ဦးခွန်အာကာစိုး၊ ဒုတိယဆု မောင်ကျော်သီဟ၊ တတိယဆု ခွန်အာကာ(ကျောက်တစ်လုံး)နှင့် နှစ်သိမ့်ဆုများအဖြစ် ဇော်မင်းထွေး၊ ဝင်းနိုင်ထွန်း၊ မနွေးနွေးစိုး(သိပ္ပံ)တို့ရရှိကြပြီး ပထမဆုအတွက် ကျပ်သုံးသိန်း၊ ဒုတိယဆုအတွက် ကျပ်နှစ်သိန်း၊ တတိယဆုအတွက် ကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုအတွက် ကျပ်ငါးသောင်းတို့ကို အသီးသီးပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(နိုင်ငွေးအောင်)**

# မြန်မာ့ရိုးရာယဉ်ကျေးမှုနွားအလှနှင့် မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

မြန်မာနွားမျိုးမသုဉ်းရေး၊ နွားကောင်ရေပြန့်ပွားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို နောင်လာ နောက်သားများ သိရှိစေရန်နှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးကိုရည်ရွယ်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှပံ့ပိုးကာ မြန်မာ့ရိုးရာနွားအလှပြပွဲ၊ ပြိုင်ပွဲကျင်းပရေးကော်မတီမှ ဦးစီးကျင်းပသော မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု စက်ကုန်းကျေးရွာပြိုင်ပွဲဝင်းအတွင်း၌ ယနေ့မှစ၍ နှစ်ရက်တိုင်တိုင်ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကဏ္ဍများတွင် ဆိတ်အလှပြိုင်ပွဲ၊ အိမ်မွေးမြန်မာကြက်များနှင့် တိုက်ကြက်များပါ ပါဝင်ပြသကြပြီး နွားပြိုင်ပွဲတွင်မူ နွားသိုးအလှပြိုင်ပွဲ၊ ခြေမောင်းဗလာပြိုင်ပွဲ၊ နွားအကျော့မောင်းအကြီးတန်း၊ နွားအကျော့မောင်းအငယ်တန်း၊ ဒုန်းပြိုင်ပွဲစသည့်ဖြင့် ပြိုင်ပွဲများကို ထည့်သွင်းယှဉ်ပြိုင်ကြခြင်းဖြစ်သည်။

နွားပြိုင်ပွဲတွင် သွားခြောက်ချောင်းအထက်ကို အကြီးတန်းပြိုင်ပွဲဝင်နွားအဖြစ်လည်းကောင်း၊ သွားခြောက်ချောင်းအောက်ကို အငယ်တန်းပြိုင်ပွဲဝင်နွားအဖြစ်လည်းကောင်း သတ်မှတ်ကာ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ပြိုင်ပွဲအလိုက် ပါဝင်ယှဉ်ပြိုင်မှုမှာ ခြေမောင်းဗလာပြိုင်ပွဲတွင် သုံးကောင်၊ နွားအကျော့မောင်းအကြီးတန်းပြိုင်ပွဲတွင် ၁၄ စီး (၂၈ ကောင်)၊ နွားအကျော့မောင်း အငယ်တန်းပြိုင်ပွဲတွင် ကိုးစီး(၁၈ ကောင်)၊ ဒုန်းပြိုင်ပွဲတွင် ခြောက်စီး(၁၂ ကောင်)၊ နွားသိုးအလှပြိုင်ပွဲတွင် နှစ်ကောင် ပါဝင်ယှဉ်ပြိုင်၍ ပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ နွားဝါသနာရှင်၊ နွားချစ်သူများက လာရောက်ပြသ ယှဉ်ပြိုင်ကြကြောင်း သိရသည်။



**သတင်း - နိုင်လင်းကြည်(ကြေးမုံ)၊**
**ဓာတ်ပုံ - ရာမည(ကြေးမုံ)**

# ကားနှင့်မလဲနိုင်သော မြန်မာ့နွားအလှရထား



**နေပြည်တော် နိုဝင်ဘာ ၈**

ငွေကျပ် သိန်း ၆၀ နှင့် ၇၀ အကြားအသုံးပြု၍ တန်ဖိုးနည်းဆလွန်းကားငယ် သို့မဟုတ် မီနီထရပ်ယာဉ်တစ်စီးဝယ်ယူနိုင်သည်။ ကာလပေါက်ဈေးကျပ်သိန်း ၁၀၀ သတ်မှတ်ထားသော မြန်မာ့မျိုးရင်း နွားသိုးအလှကို နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု စက်ကုန်းကျေးရွာ ပြိုင်ပွဲဝင်း၌ကျင်းပသော မွေးမြူရေးတိရစ္ဆာန်ပြပွဲ၊ ပြိုင်ပွဲတွင် ဝင်ရောက်ပြသယှဉ်ပြိုင်ထားသည်ကို တွေ့ရသည်။**(ဝဲပုံ)**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မြစ်ဆုံရွာမှ နွားဝါသနာရှင် တောင်သူကြီး ဦးမြင့်လှိုင် မွေးမြူ၍ ပြိုင်ပွဲဝင်ခဲ့သော ညီနောင်ပဒေသာအမည်ရှိ အသက် လေးနှစ်ခွဲအရွယ် မြန်မာ့မျိုးရင်းနွားသိုးအလှမှာ ကာလတန်ဖိုး ငွေကျပ်သိန်း ၁၀၀ ခေါ်ဆိုထားပြီး နွားဝါသနာရှင်များမှ ဝယ်ယူသော်လည်း ရောင်းမည်မဟုတ်ဘဲ အဆိုပါနွားမှ ရှာပေးသော ဝင်ငွေမှာလည်း သိန်းရာချီရှိခဲ့ပြီဖြစ်သောကြောင့် ဦးမြင့်လှိုင်က "ကျွန်တော့်နွားဟာ ကျွန်တော့်သားပါပဲ"ဟု နွားဝါသနာရှင်တစ်ဦးပီပီ သူ၏ နွားကို ချစ်မြတ်နိုးတန်ဖိုးထားကြောင်း ပြောကြားခဲ့သည်။ **ကိုကိုနေ(ကြေးမုံ)**

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၉-၁၁-၂၀၁၄ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၄၆) |
| ၈း၂၀ | ကလေးတို့ကမ္ဘာ |
| ၉း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၁၄) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၄၅ | ပြန်လည်ခံစား(၂၀၁၂) အကယ်ဒမီပွဲတက်ဖက်ရှင်များ |
| ၄း၀၀ | SAMSUNG ပညာသင်ဆု ဉာဏ်စမ်းပြိုင်ပွဲကြီး |



## ပြည်တွင်းရေးရာ

# ဝန်ထမ်းပေါင်း ၁၃၀၀ ကျော် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာသည့် K-WON & MICC အထည်ချုပ်စက်ရုံဖွင့်လှစ်

**ရန်ကုန်  နိုဝင်ဘာ  ၈**

နိုင်ငံတော်အစိုးရ၏ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သော ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဖော်ဆောင်ရာတွင် လူတိုင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် စက်ရုံအလုပ်ရုံများ တိုးချဲ့ဖွင့်လှစ်ခြင်းသည် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည်။

နိုင်ငံတော်၏ ပြောင်းလဲကျင့်သုံးလာသော စီးပွားရေးမူဝါဒများကြောင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံသို့ ဝင်ရောက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ်တွင်လည်း ဝန်ထမ်းပေါင်း ၁၃၀၀ ကျော် အလုပ်အကိုင်ရရှိလာသည့် K-WON & MICC အထည်ချုပ်စက်ရုံကို ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

K-WON & MICC စက်ရုံသည် မြန်မာနိုင်ငံမှ Myanmar Integrated Communication Trading Co., Ltd. နှင့် တောင်ကိုရီးယားနိုင်ငံမှ K-WON Co.,Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် Garment Factory ဖြစ်ကြောင်း သိရသည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က "ဒီစက်ရုံက MICC နဲ့ K-WON Co.,Ltd. တို့ ပူးပေါင်းပြီးတော့မှ လုပ်သား အထူးပြုဖြစ်တဲ့ ဒီ Garment Fctory တစ်ခုကို ထူထောင်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အားပေးပါတယ်။ အခြား Garment Factory တွေလည်း ရှိသေးတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်ဖို့ အားလုံးကို ဖိတ်ခေါ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ Industry Ministry အောက်မှာရှိတာ မဟုတ်ဘဲနဲ့ သီးသန့်လာရောက်ရင်းနှီးမြှုပ်နှံတဲ့သူအားလုံးကိုလည်း ကြိုဆိုပါတယ်"ဟု ပြောကြားသည်။



အဆိုပါ အထည်ချုပ်စက်ရုံ၌ ဝန်ထမ်းခန့်အပ်ရာတွင် အတွေ့အကြုံကိုလိုက်၍ နှစ်ပိုင်းခွဲခန့်အပ်ပြီး အတွေ့အကြုံမရှိသည့် ဝန်ထမ်းများအား သင်တန်းများပေး၍ လုပ်ငန်းခွင်ဝင်ရောက်စေကာ ရပ်နီးရပ်ဝေးမှ လာရောက်လုပ်ကိုင်သည့် ဝန်ထမ်းများနေထိုင်ရေးအတွက် သန့်ရှင်းသပ်ရပ်သော၊ လုံခြုံမှုရှိသော အဆောင်များ စီစဉ်ပေးထားကြောင်း သိရသည်။

"ဒါဟာ ကျွန်တော်တို့ရဲ့ ပထမဆုံးခြေလှမ်းပါ။ နောက်ထပ်အများကြီး လုပ်ဆောင်သွားဖို့ရှိပါတယ်။ ဒီမှာရှိတဲ့လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းရအောင် လုပ်ငန်းတွေ အများကြီး တိုးချဲ့လုပ်ကိုင်သွားမှာပါ"ဟု K-WON Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. WON KYU CHOI ကပြောသည်။

နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းများ၌ လာရောက်ရင်းနှီးမြှုပ်နှံ လာကြသည့်အတွက် ပြည်တွင်းတွင် အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာပြီး နည်းပညာဆိုင်ရာ အတွေ့အကြုံများလည်း ရရှိလာမည်ဟု MICC မှ မန်နေဂျင်းဒါရိုက်တာ ဦးငြိမ်းအောင်က သုံးသပ်ပြောကြားသည်။

K-WON & MICC အထည်ချုပ်စက်ရုံတွင်လုပ်ကိုင်နေသည့် မမိုးမိုးက "ကျွန်မက မရမ်းကုန်းမှာနေတော့ အိမ်ပြန်ပါတယ်။ လစာက တစ်လ တစ်သိန်းကျော် ရတာဆိုတော့ အဆင်ပြေပါတယ်၊ နယ်ကလာတဲ့ သူငယ်ချင်းတွေလည်း စက်ရုံက အဆောင်စီစဉ်ပေးထားတော့ သူတို့လည်းလုပ်ငန်းမှာ အဆင်ပြေကြပါတယ်"ဟု ပြောသည်။

K-WON & MICC အထည်ချုပ်စက်ရုံမှချုပ်လုပ်သည့် နိုင်ငံတကာအဆင့်မီ အရည်အသွေးမီဝတ်စုံများနှင့် အမျိုးသမီး၊ အမျိုးသားဝတ် ကုတ်အင်္ကျီများ၊ Skirts များကို UK နိုင်ငံ၊ ဥရောပနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့သို့ တင်ပို့မည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ပြည်တွင်း ပြည်ပမှ လုပ်ငန်းရှင်များအနေဖြင့် စက်ရုံအလုပ်ရုံများ တိုးချဲ့ဖွင့်လှစ်ခြင်းဖြင့် မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာပြီး ထိုက်သင့်သော လုပ်ခလစာများလည်း ရရှိလာမည်ဆိုပါက ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အတိုင်းအတာတစ်ခုထိ ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

**သတင်း-သီသီမင်း(ကြေးမုံ)**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

**နိုင်ငံတကာ သတင်းဂျာနယ်**

ကမ္ဘာ့ နိုင်ငံရေး ဇာတ်ခုံအကြောင်း ဇာတ်စုံသိချင်ပါသလား။
တစ်စောင်တည်းနှင့် ပြည့်စုံစေမှာ နိုင်ငံတကာသတင်းဂျာနယ်ပါ။

- စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော နေတိုးစစ်စာချုပ်အဖွဲ့
- ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အကျိုးရလဒ်များ ကမ္ဘာ့နိုင်ငံများရှောင်လွှဲနိုင်မည် မဟုတ်
- ဘင်လာဒင်ကို မည်သူသတ်ခဲ့သနည်း .....
- ကမ္ဘာ့ကုန်သွယ်ရေးဌာနအဆောက်အအုံ ပြန်လည်ဖွင့်လှစ်ပြီ
- ဥရောပတစ်ဝိုက်သို့ ထူးထူးခြားခြားပျံသန်းလာခဲ့ကြသည့် ရုရှားစစ်လေယာဉ်များ
- နျူကလီးယားစစ်နှုတ်ခမ်းဝ လျှောက်လှမ်းနေတဲ့ အိန္ဒိယ နှင့် ပါကစ္စတန်
- အာရှမှ အင်အားတောင့်တင်း၍ ခေတ်မီစစ်တပ်ပိုင်ဆိုင်သည့် နိုင်ငံများ
- ဂျာမနီပြန်လည်ပေါင်းစည်းမှုက ကိုရီးယားနှစ်နိုင်ငံအတွက် စံနမူနာလား
- အနောက်အုပ်စုများ အကြိုက်မတွေ့သော ဆီးရီးယားပဋိပက္ခပြဿနာ

စသည့် နိုင်ငံတကာသတင်းသုံးသပ်ချက်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် တနင်္လာနေ့တိုင်း ထွက်ရှိလာပြီ။

ကြော်ငြာနှင့် ဖြန့်ချိရေး ဖုန်း - ၂၉၂၈၃၀၊ ၂၉၄၄၂၇၊ ၀၁-၈၆၁၀၆၈၅



# မုန်တိုင်းလေပြင်းများကြောင့် ပင်လယ်ဘက်သို့ မျောပါခဲ့သည့် ကျားဖောင်လုပ်သား ၂၅၀ ကျော်ကို တပ်မတော်(ရေ)မှ ရှာဖွေကယ်ဆယ်နိုင်ခဲ့

**ရန်ကုန်  နိုဝင်ဘာ  ၈**

လေပြင်းတိုက်ခတ်မှုကြောင့် ကျားဖောင်များပျက်စီးကာ ပင်လယ်တွင် မျောပါနေသည့် ရေလုပ်သားများကို မြန်မာ့တပ်မတော် (ရေ)မှ ရှာဖွေကာ ရန်ကုန်မြို့သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရန်ကုန်မြစ်ဝရှိ Pilot Vessel နှင့် ဒဂုံမီးပြကြားရှိ ကျားဖောင်လုပ်ငန်းလုပ်ကိုင်နေသည့် ရေလုပ်သားများသည် နိုဝင်ဘာ ၅ ရက်မှ စတင်ကာ မိုးသက်လေပြင်းများဒဏ်ကိုခံခဲ့ရပြီး ယင်းနေ့ညနေပိုင်းမှ စတင်ကာ ပင်လယ်ပြင်ဘက်သို့ ကျားဖောင်များ ပြတ်ထွက်မျောပါခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ နိုဝင်ဘာ ၅ ရက်နေ့ကတည်းက လေတွေအရမ်းတိုက်တာကို ခံခဲ့ရတာပါ။ နောက်ညကျ တော့မခံနိုင်တော့ဘဲ ဖောင်ကချည်ထားတဲ့ကြိုးတွေကို ဖြတ်ပစ်ပြီး လေကြောင်းအတွင်း ပါသွားခဲ့ကြတာပါ။ ကျွန်တော်တို့ မမျောခင်မှာ ဘေးကဖောင်တွေ ကြိုးမဖြုတ်နိုင်ဘဲ နစ်ကုန်တာလည်း တွေ့ရတယ်။ ရေထဲမျောနေတာ တစ်ရက်ကျော်ကြာပါတယ်။ ရေလည်းမသောက်ရဘူး။ အစာလည်းမစားရပါဘူး။ နောက် ၇ ရက်နေ့ ညနေကျမှ တပ်မတော် (ရေ) ကလာတဲ့ သင်္ဘောတွေနဲ့တွေ့ပြီး အသက်ချမ်းသာရာရခဲ့တာပါ။ အခုလိုမျိုး ကျွန်တော်တို့တစ်တွေရဲ့အသက်ကို ကယ်ပေးခဲ့တဲ့ တပ်မတော်(ရေ)က အမှုထမ်းတွေနဲ့ ဒီရောက်ပြီး ဝတ်စရာ၊ စားစရာနဲ့ အိမ်ပြန်ဖို့အထိ ကူညီပေးတဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ကျားဖောင်အလုပ်သမားတစ်ဦးဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမာကျေးရွာမှ ရေလုပ်သားတစ်ဦးက သူ၏အတွေ့အကြုံကို ပြောသည်။

ထိုကဲ့သို့ ကျားဖောင်ရေလုပ်သားများလေပြင်းမိ၍ ပင်လယ်ထဲသို့ မျောပါနေခြင်းကို သွားရောက်ရှာဖွေကယ်ဆယ်ခဲ့ရာတွင် စစ်ရေယာဉ် သုံးစင်း၊ ထောက်ပံ့ရေယာဉ် တစ်စင်း၊ တွဲဆွဲရေယာဉ်တစ်စင်း စုစုပေါင်း ငါးစင်းဖြင့် တပ်မတော် (ရေ)မှ အသုံးပြုခဲ့ပြီးရေလုပ်သားများကို ရန်ကုန်သို့ အန္တရာယ်ကင်းစွာ ခေါ်ဆောင်လာခဲ့သည့် စစ်ရေယာဉ် (၅၅၆)မှ ဗိုလ်မှူးထွန်းသူရကလည်း "ကျွန်တော်တို့ဆီကို MRCC လို့ခေါ်တဲ့ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးစင်တာကနေ ကျားဖောင်ရေလုပ်သားတွေ လေပြင်းမိပြီး ပင်လယ်ဘက်မျောပါနေတယ်ဆိုတဲ့ သတင်းရရချင်း ၇ ရက်နေ့ ညနေ ၃ နာရီ ၁၅ မိနစ်မှာ ရန်ကုန်ကနေ ကျွန်တော်တို့ စစ်ရေယာဉ်စထွက်ပါတယ်။ အခင်းဖြစ်တဲ့နေရာကိုရောက်ပြီး ဟိုမှာကြိုရောက်နေတဲ့အဖွဲ့နဲ့အတူ ရှာဖွေကယ်ဆယ်ရေးတွေ လုပ်ခဲ့ပါတယ်။ နောက် ကျွန်တော်တို့ရှာဖွေတွေ့ရှိခဲ့တဲ့ ရေလုပ်သားအားလုံးကို ခေါ်ပြီး ရန်ကုန်ကိုပြန်ခဲ့တာ ဒီနေ့မနက် ၆ နာရီမှာရောက်ပါတယ်။ ဟိုမှာ ကျန်ခဲ့တဲ့ စစ်ရေယာဉ်နှစ်စင်းနဲ့ ထောက်ပံ့ရေးယာဉ်၊ တွဲရေယာဉ်တို့ကလည်း ဆက်လက်ပြီးရှာဖွေကယ်ဆယ်မှုတွေ လုပ်ဆောင်နေပါတယ်။ အခုဆို ၄၃ ဦးကို ထပ်မံရှာဖွေကယ်ဆယ်နိုင်တယ်လို့ ကျွန်တော်တို့ သတင်းရထားပါတယ်"ဟု ရေလုပ်သားများကို ရှာဖွေကယ်ဆယ်မှုနှင့် ပတ်သက်၍ ရှင်းပြသည်။

ယခုရှာဖွေကယ်ဆယ်နိုင်ခဲ့သည့် ရေလုပ်သား ၂၅၂ ဦးကို ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ အမှတ်(၁) ရေတပ်ဆိပ်ခံတံတားတွင် ရှေးဦးသူနာပြုစုခြင်း၊ အဝတ်အထည်နှင့် အစားအသောက်များ ပံ့ပိုးပေးခြင်းနှင့် ၎င်းတို့၏နေရပ်ဒေသသို့ လွယ်ကူစွာ ပြန်ရောက်နိုင်ရေးအတွက်ထောက်ပံ့ပေးခြင်းများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့်ဇနီး၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်မှဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်နှင့် တပ်မတော် (ရေ)၊ အမှတ်(၁) ဗျူဟာစစ်ရေယာဉ်စုမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဦးစီးမှူး ဦးကြည်သာနှင့် တာဝန်ရှိသူများက ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ဆက်လက်ရှာဖွေရာမှ တွေ့ရှိထားသည့် ရေလုပ်သား(၃၆) ဦးကိုလည်း တပ်မတော်(ရေ)မှ ရန်ကုန်မြို့သို့ မကြာမီပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းနှင့် ဓာတ်ပုံ-သီဟသူ)**



# ၂၀၁၄ ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲကျင်းပ



**တောင်ကြီး၊ နိုဝင်ဘာ ၈**

၂၀၁၄ ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ပိတ်ပွဲကို နိုဝင်ဘာ ၇ ရက် ညနေ ၅ နာရီက တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပထမဦးစွာ စိန်နားပန်မီးပုံးပျံနှင့် ညမီးကြီးမီးပုံးပျံတစ်လုံးစီလွှတ်တင်ပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို စတင်ရာ အလွှတ်တန်းပြိုင်ပွဲ (စိန်နားပန်မီးပုံးပျံပြိုင်ပွဲနှင့် ပွဲတော်ရှုခင်း၊ ကွင်းဖွင့်ပွဲရှုခင်းများ၊ ဓာတ်ပုံပြိုင်ပွဲ) တွင် နှစ်သိမ့်ဆု၊ တတိယဆု၊ ဒုတိယဆု၊ ပထမဆုရရှိသူများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်အတွင်းရေးမှူးမှ ဆုချီးမြှင့်ခဲ့သည်။

အလွှတ်တန်းပြိုင်ပွဲ (ယမ်းမီးကြီး၊ ညလွှတ်မီးပုံးပျံ ဓာတ်ပုံပြိုင်ပွဲ) တွင် နှစ်သိမ့်ဆု၊ တတိယ၊ ဒုတိယ၊ ပထမဆုရရရှိသူများကို ပြည်နယ်စာရင်းစစ်ချုပ်မှလည်းကောင်း၊ အလွှတ်တန်းပြိုင်ပွဲ (မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ မြို့လုံးကျွတ်ဘုံကထိန်ပွဲတော်၊ မီးပဒေသာလှည့်လည်ပူဇော်ပွဲ ဓာတ်ပုံပြိုင်ပွဲ) တွင် နှစ်သိမ့်ဆု၊ တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများကို ပြည်နယ်ဥပဒေချုပ်မှလည်းကောင်း အလွှတ်တန်းပြိုင်ပွဲ (မီးပုံးပျံနေ့လွှတ်အရုပ်၊ အလှဓာတ်ပုံပြိုင်ပွဲ) တွင် နှစ်သိမ့်ဆု၊ တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးမှလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြသည်။

နေ့အရုပ်ပြိုင်ပွဲ (ခြေနှစ်ချောင်း) တွင် ဂုဏ်ပြုဆု၊ ပဥ္စမဆုနှင့် စတုတ္ထဆုရရှိသူများကို တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲနှင့် ပိတ်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လျှပ်စစ်နှင့်စက်မှုဝန်ကြီးမှလည်းကောင်း၊ နေ့အရုပ်ပြိုင်ပွဲ (ခြေလေးချောင်း) တွင် ဂုဏ်ပြုဆု၊ ပဥ္စမဆုနှင့် စတုတ္ထဆုရရှိသူများကို ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီးမှလည်းကောင်း၊ နေ့အရုပ် (အုပ်စုပြိုင်ပွဲ) တွင် ဂုဏ်ပြုဆု၊ ပဥ္စမဆုနှင့် စတုတ္ထဆုရရှိသူများကို ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးမှလည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။

စိန်နားပန်ပြိုင်ပွဲတွင် ဂုဏ်ပြုဆု၊ ပဥ္စမဆုနှင့် စတုတ္ထဆုရရှိသူများကို တိုင်းဦးစီးအရာရှိ ဗိုလ်မှူးကြီး မိုးကျော်သူမှလည်းကောင်း၊ ညမီးကြီးပြိုင်ပွဲတွင် ဂုဏ်ပြုဆု၊ ပဥ္စမဆုနှင့် စတုတ္ထဆုရရှိသူများကို ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးမှလည်းကောင်း၊ ညမီးပဒေသာလှည့်လည်ပြိုင်ပွဲတွင် ဂုဏ်ပြုဆုများကို ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးမှလည်းကောင်း၊ နေ့လွှတ်အရုပ်အုပ်စုပြိုင်ပွဲတွင် တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှလည်းကောင်း၊ နေ့အရုပ်ပြိုင်ပွဲ ခြေနှစ်ချောင်းတွင် တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်မှလည်းကောင်း၊ နေ့အရုပ်ပြိုင်ပွဲ ခြေလေးချောင်းတွင် တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများကို တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးဝန်ကြီးမှလည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။

Miss Tazaungdaing ပြိုင်ပွဲတွင် ဂုဏ်ပြုဆုသုံးဆုရရှိသောသူများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ငွေငွေဝင်းမှလည်းကောင်း၊ Miss Tazaungdaing ပြိုင်ပွဲတွင် တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဖြူဖြူညွန့်မှလည်းကောင်း၊ စိန်နားပန်ပြိုင်ပွဲတွင် တတိယ၊ ဒုတိယ၊ ပထမဆုရရှိသူများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်အေးဝင်းမှလည်းကောင်း၊ ညမီးကြီးပြိုင်ပွဲတွင် တတိယဆုရ ပွဲတော်မီး၊ ဒုတိယဆုရ Hasty Power မီး၊ ပထမဆုရ Ozone မီးတို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့မှ ဆုများကို အသီးသီးချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ကိန္နရီ၊ ကိန္နရာအကနှင့် တိုးနယားအက ဓားသိုင်းအကတို့ဖြင့် ကပြဖျော်ဖြေကြပြီး တောင်ကြီးပညာရေးကောလိပ် သင်တန်းသူကလေးများနှင့် ရှမ်းပြည်နယ် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက တန်ဆောင်တိုင်သီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူကလေးများက အဝါရောင်၊ အနီရောင်၊ အစိမ်းရောင်မီးများကို ငြိမ်းကြပြီး တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ နာယက ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ၁၃၇၆ ခုနှစ်၊ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ပိတ်သိမ်းကြောင်း ကြေညာ၍ တန်ဆောင်တိုင်ပွဲတော်ကို အောင်မြင်ပြီးမြောက်ကြောင်းအထိမ်းအမှတ် မီးရှူးမီးပန်း၊ မီးပုံးပျံ၊ မီးပုံးအလုံးငယ် ၁၀၀၀ ဖြင့် လွှတ်တင်ပိတ်သိမ်းလိုက်ကြောင်း သိရသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၅) ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဇနီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီး များ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဇနီး၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဇနီး၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မီးပုံးပျံနှင့် Miss Tazaungdaing ပြိုင်ပွဲတွင် ဆုရရှိသူများ၊ ဒေသခံများ၊ဖိတ်ကြားထားသူများတက်ရောက်ခဲ့သည်။ **မောင်မောင်သန်း(တောင်ကြီး)**

## စာမေးပွဲ အောင်ချက်မြင့်မားရေး ကြိုးစားဆောင်ရွက်

**ဘောလခဲ၊ နိုဝင်ဘာ ၈**

ကယားပြည်နယ်၊ ဘော်လခဲခရိုင်၊ ဘော်လခဲမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် အထောက်အကူပြု စာရေးကိရိယာနှင့် အာဟာရဖြစ်အစားအစာများ ကူညီခြင်း၊ အလှူငွေများပေးအပ်ခြင်းကို နိုဝင်ဘာ ၇ ရက်တွင် ဘောလခဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း စာဖတ်ခန်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းတွေ့ဆုံပွဲတွင် ဝန်ကြီးဦးချစ်လှက ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ လိုအပ်သောအခက်အခဲများကို အသေးစိတ်တွေ့ဆုံမေးမြန်းပြီး ကျောင်းသား၊ ကျောင်းသူ ၇၄ ဦးအတွက် လိုအပ်သောစာရေးကိရိယာများ၊ အာဟာရမုန့်နှင့် အလှူငွေများကို ပေးအပ်ပြီး ဂုဏ်ထူးဖြင့် အောင်မြင်မည့် ကျောင်းသား၊ ကျောင်းသူများကို ဆုငွေများဖြင့် သီးသန့် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ကတိပေးပြောကြားခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးချစ်လှ၊ မြို့နယ်ပညာရေးမှူး၊ အထက်တန်းကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**လှရွှေ(ပြန်/ဆက်)**

Central Link
ကိုရီးယား EPS-(TOPIK)
၂၀၀၈ ခုနှစ်မှစ၍ အောင်ချက်အကောင်းဆုံးသင်တန်းကျောင်း
အစိုးရအာမခံချက်ရှိလစာငွေ(၁၀)သိန်းအထက်ဖြင့်ကိုရီးယားနိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်ပြီးမိမိဘဝမြှင့်တင်နိုင်ရန်အချိန်(၃)လခန့်သာပေးလိုက်ပါ။
* ဒီအခွင့်အရေးဟာCentral Linkကျောင်းမှာ *
တန်းခွဲသစ်များကို (၁၃. ၁၁. ၂၀၁၄)နှင့်(၁၅. ၁၁. ၂၀၁၄)ရက်တို့တွင်ဖွင့်လှစ်ပေးပါမည်။Central Linkဘာသာစကားသင်းတန်းကျောင်းမှပတ်စ်ပို့မရှိသေးသောသူများအားလမ်းညွှန်ဆောင်ရွက်ပေးခြင်း၊စာမေးပွဲလျှောက်လွှာဖြည့်ပေးခြင်း၊အလုပ်လျှောက်လွှာတင်သည်မှကိုရီးယားနိုင်ငံသို့ထွက်ခွာချိန်အထိလိုအပ်သောပံ့ပိုးမှုများကိုကူညီဆောင်ရွက်ပေးပါသည်။
နယ်မှကျောင်းသားများအတွက်နေရေးစားရေးစီစဉ်ပေးသည်
၁၂၇(စီ)၊၃ လွှာ၊ဦးချစ်မောင်လမ်း၊(ဈေးကွေ့မှတ်တိုင် -ရန်ကင်းစင်တာအနီး)ဗဟန်း။
09 8651531, 09 73190040, 09420089723

## အား/ကာ သိပ္ပံ(မန္တလေး)သို့ ILBC မှ ကျောင်းသားများ လေ့လာ

**မန္တလေး၊ နိုဝင်ဘာ ၈**

အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)သို့ ILBC မှ ကျောင်းသား၊ ကျောင်းသူများ၊ အုပ်ချုပ်သူဆရာ၊ ဆရာမများသည် နိုဝင်ဘာ ၇ ရက် နံနက် ၁၀ နာရီက သွားရောက်လေ့လာခဲ့သည်။

အဆိုပါလေ့လာရေးအဖွဲ့အား အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်မောင်နှင့် ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြများက ကြိုဆိုကြပြီး ဖူဆယ်၊ အလေးမ၊ စားပွဲတင်တင်းနစ်၊ လက်ဝှေ့၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ ကရာတေးဒို၊ ကျွမ်းဘား အားကစားနည်းများ လေ့ကျင့်နေမှုကို ကြည့်ရှုလေ့လာကြပြီး နည်းပြများက ရှင်းပြကြပြီး အားကစားသမားများက သရုပ်ပြသခဲ့ကြသည်။ **သီဟကိုကို(မန္တလေး)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောရှင်းလင်း၍ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဝေငှပေး

**ကျောက်ပန်းတောင်း၊ နိုဝင်ဘာ ၈**

မော်တော်ဆိုင်ကယ်စီးနင်းသူများ ယာဉ်ထိခိုက်မှုအန္တရာယ် လျော့နည်းကျဆင်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိသင့်သိထိုက်သည်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး ဥပဒေကို လေးစားလိုက်နာတတ်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၁၁)ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲနှင့် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီတို့ ပူးပေါင်းကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် မော်တော်ဆိုင်ကယ်စီးဦးထုပ်များ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက ကျောက်ပန်းတောင်းမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စပါးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁၁)ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲ(မန္တလေး)မှ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးသိန်းကိုကိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် ယာဉ်မောင်းသူများ၊ လမ်းအသုံးပြုသူများ လိုက်နာရမည့် သိသင့်သိထိုက်သည်များကို ပရိုဂျက်တာဖြင့် ပြသဟောပြောဆွေးနွေးပြီး တက်ရောက်လာသူများက မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသူများအား ပညာပေးလက်ကမ်းစာစောင်များနှင့်မော်တော်ဆိုင်ကယ်စီးဦးထုပ် အလုံး ၂၀၀ ကို အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ပညာပေးဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းသိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံမှ တာဝန်ရှိသူများ၊ ရပ်ကွက်အသီးသီးမှ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း အင်အား ၂၃၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**



# ရန်ကုန်–နေပြည်တော် အမြန်လမ်းတွင် တရားမဝင်ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၁၆၅ ချောင်း (၀ ဒသမ ၅၈၃၀ တန်) ဖမ်းဆီးရမိ



**နေပြည်တော်၊ နိုဝင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်ဦး၏ စီစဉ်ညွှန်ကြားမှုဖြင့် တောအုပ်ကြီး ဦးမောင်သိန်း၊ တောအုပ် ဦးထွန်းထွန်းဝင်းနှင့် ဦးဇေယျမျိုး၊ တောခေါင်း ဦးရဲလင်းနှင့် သစ်တောဝန်ထမ်းများ၊ ရဲတပ်ကြပ်မြင့်အုန်းနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် သတင်းအရ နိုဝင်ဘာ ၇ ရက် နံနက် ၂ နာရီက ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၀၃/၂ နှင့် ၁၀၃/၃ အကြားတွင် နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသည့် အာရာဖတ်စ်အမျိုးအစား ငွေရောင်ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ တရားမဝင်ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၁၆၅ ချောင်း (၀ ဒသမ ၅၈၃၀ တန်) အား တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်အား စစ်ဆေးစဉ် ယာဉ်မောင်းဦးဇင်မျိုးမှာ ထွက်ပြေးခဲ့ပြီး ယာဉ်ပေါ်လိုက်ပါသူ ဦးကျော်မင်းနိုင် ၃၂ နှစ် (၃) ရပ်ကွက်၊ ဖဒိုမြို့နေသူကိုသာ ဖမ်းမိခဲ့ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသော ကျွန်းသစ်များမှာ တောင်ငူမြို့ ကေတုမတီမြို့သစ်မှ သယ်ယူလာခဲ့ကြောင်းနှင့် ဖမ်းဆီးရမိသည့် ကျွန်းသစ်များအား (Check Point) စခန်းသို့ သယ်ယူခဲ့သည်။

ယင်းနောက် ယာဉ်ပေါ်ပါ ဦးကျော်မင်းနိုင်ကို ယာဉ်နှင့်အတူ ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းရဲစခန်းတွင် (ပ) ၁၂/ ၂၀၁၄ ပုဒ်မ-ပပက ၆(၁)ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားပြီး အမြန်ဆုံး တရားစွဲတင်ပို့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# တိုက်ကြီး လူသတ်မှု တရားခံဖမ်းဆီးနိုင်ရေး ဆောင်ရွက်နေ

**တိုက်ကြီး၊ နိုဝင်ဘာ ၈**

တိုက်ကြီးမြို့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့မစခန်းတွင် ဒုရဲအုပ်အောင်သူစိုး တာဝန်ထမ်းဆောင်နေချိန် နိုဝင်ဘာ ၇ ရက် နံနက် ၇ နာရီခွဲက အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းရသဖြင့် မြို့မစခန်းမှ နယ်ထိန်းတပ်ကြပ်ကြီး ခင်မောင်ထွန်း၊ အင်္ဂလားရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးငွေအောင်၊ ရာအိမ်မှူး ဦးဝင်းထွန်းတို့နှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

ယင်းသို့သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မျိုးထွန်း ၃၅ နှစ် စံပြ (၃) လမ်း၊ ဘူတာရပ်ကွက်၊ တိုက်ကြီးမြို့နယ်နေသူဖြစ်ပြီး သေဆုံးသူသည် တိုက်ကြီး-အင်္ဂလားရွာသွားလမ်း တာပေါင်ဘေးမြက်ခင်းထဲ၌ ဦးခေါင်းထိပ်ပေါက်ပြဲ၊ ဦးခေါင်းနောက်စေ့ ပေါက်ပြဲ၊ အထက်နှုတ်ခမ်းပြတ်ရှ၊ ဝဲယာလည်ပင်းပြတ်ရှ၊ ယာပုခုံးပြတ်ရှ၊ ရင်ဘတ်ဝဲညှပ်ရိုးပြတ်ရှ၊ ကျောပြင်ပြတ်ရှဒဏ်ရာများရရှိသေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သူအား စုံစမ်းနိုင်ရန် တိုက်ကြီးရဲစခန်းမှ (ပ)၄၃၇/၁၄၊ ပုဒ်မ (၃၀၂) အရ အမှုဖွင့်၍အရေးယူဆောင် ရွက်နေကြောင်း သိရသည်။

အမှုမှန်ဖော်ထုတ်နိုင်ရေးအတွက် တိုက်ကြီးရဲစခန်းမှ စခန်းမှူး ဒုရဲမှူးကျော်ကျော်ခိုင်နှင့်အဖွဲ့မှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# မကွေးမြို့နယ်တွင် အမျိုးသားတစ်ဦး အဆိပ်သောက်သေဆုံးမှုဖြစ်ပွား

**မကွေး၊ နိုဝင်ဘာ ၈**

မကွေးမြို့နယ်၊ ကန်လေးကျေးရွာတွင် နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက လူတစ်ဦး အဆိပ်သောက်သေဆုံးနေကြောင်း အဆိုပါကျေးရွာခွဲတာဝန်ခံ ဦးတင်မြင့်၏သတင်းပေးချက်အရ မကွေးမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးထွေးကိုနှင့်အဖွဲ့ သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ ဦးမောင်ဝင်း အသက် ၅၉ နှစ်၊ ထုံးပေါက်တောကျေးရွာ၊ မကွေးမြို့နယ်နေသူဖြစ်ဖြစ်ပြီး အဆိုပါနေ့နံနက် ၈ နာရီက ကန်လေးကျေးရွာနေ ဦးသန်းဇော်သည် ယာခင်းထဲရှိနေစဉ် ၎င်းယာခင်းနှင့်ကပ်လျက် ဒေါ်မြရီ၏ယာခင်းအတွင်းတွင် လူတစ်ဦး ညည်းညူသံကြားရဖြင့် သွားရောက်ကြည့်ရှုခဲ့ရာ ဦးမောင်ဝင်းမှာ မှောက်လျက်အနေအထားဖြင့် ညည်းညူနေသည်ကို တွေ့ရှိရပြီး အနီးတွင် ဘီအီးအရက်ပုလင်းခွံတစ်လုံး၊ တံဆိပ်မပါ ပုလင်းခွံတစ်လုံး၊ အရှည်ရှစ်လက်မခန့်နှင့် အချင်းလေးလက်မခန့် အဖုံးမပါ ပလတ်စတစ်အဖြူရောင်ဘူးခွံတစ်ဘူး (ပိုးသတ်ဆေးနံ့ရ) တို့အား တွေ့ရှိရသဖြင့် ဦးမောင်ဝင်း၏အစ်မဖြစ်သူ ဒေါ်စိန်မြိုင်အား သွားရောက်ခေါ်ဆောင်ခဲ့သည်။

ဒေါ်စိန်မြိုင်၏နေအိမ်သို့ သယ်ဆောင်လာခဲ့၍ ဦးမောင်ဝင်းအား ရဲဆေးစာဖြင့် မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ရာ ဆေးရုံသို့ရောက်ရှိစဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယင်းသေဆုံးမှုနှင့်ပက်သက်၍ မကွေးမြို့နယ်၊ မြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် (၁၀/၂၀၁၄) ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ရေနံချောင်းတွင် အမျိုးသားတစ်ဦးကားပြင်နေစဉ် ကားဘော်ဒီညပ်၍သေဆုံး

**ရေနံချောင်း၊ နိုဝင်ဘာ ၈**

ရေနံချောင်းမြို့နယ်တွင် အမျိုးသားတစ်ဦး ကားပြင်နေစဉ် ကားဘော်ဒီညပ်၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေနံချောင်းမြို့နယ်၊ စက်မှုဇုန်ရပ်ကွက်တွင် နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က စက်မှုဇုန်မှ ချောက်မြို့နယ်၊ ငွေးချိုဘက်သို့ ယာဉ်မောင်း ဦးထွန်းလင်း အသက် ၄၆ နှစ်၊ မြင်းခြံမြို့နေသူမောင်းနှင်သော မြေသယ်ယာဉ် ၁၀ ဘီးကား Zoo အမျိုးအစား အပြာရောင်ယာဉ်သည် ကားစက်ပြင်ရန် ရပ်နားထားခဲ့သည်။

ယင်းနောက် ကားနောက်ပိုင်း ဘော်ဒီအား ဟိုက်ဒရောလစ်ဖြင့်နောက်သို့လှန်ထားကာ အဆိုပါကားပေါ်တွင်ပါလာသည့် ဦးအလီ အသက် ၅၀ နှစ် စက်ပြင်ဆရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူက ကားနောက်ဘီးနှစ်ဘီးအား ဝင်ရောက်စက်ပြင်နေစဉ် အဆိုပါကားနောက်လိုက်ဖြစ်သူ ကျော်ဖြိုးဦး၊ အသက် ၂၆နှစ်၊ ရိုးပင်ရိုးကျေးရွာ၊ ဆားလင်းကြီးမြို့နယ်နေသူက ကားနောက်ပိုင်းအား သေချာစွာမကြည့်ဘဲ ကားဘော်ဒီအား ဟိုက်ဒရောလစ်ဖြင့် ပြန်ချခဲ့သည်။

ယင်းကြောင့် စက်ပြင်ဆရာဦးအလီမှာ ကားဘော်ဒီအောက်တွင် ညပ်၍ ဦးခေါင်းပိပြားဒဏ်ရာ၊လည်ပင်းရိုးကျိုး၊ ယာလက်မောင်းပိပြားဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပက်သက်၍ ယာဉ်နောက်လိုက်ကျော်ဖြိုးဦးအား ရေနံချောင်းမြို့နယ်၊ လက်မှတ်ကုန်းနယ်မြေရဲစခန်းက ယာဉ်(ပ)၁၀/ ၂၀၁၄၊ပုဒ်မ ၃၀၄-ကဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၃)အကြီးစားစက်ရုံ(မကွေး)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစက်မှုလုပ်ငန်းအောက်ရှိ အမှတ်(၁၃)အကြီးစားစက်ရုံ(မကွေး)မှ အောက်ဖော်ပြပါပစ္စည်းအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | Marine Gear Box(3,1:1) | 1Set |

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ စံချိန်စံညွှန်းအချက်အလက်များနှင့်ပတ်သက်၍ ၉-၁၁-၂၀၁၄ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၁၁-၁၁-၂၀၁၄ ရက် မွန်းတည့် ၁၂:၀၀ နာရီ ဖြစ်ပါသည်။

**စီမံကိန်းဌာန၊ အမှတ်(၁၃)အကြီးစားစက်ရုံ(မကွေး)၊ စက်မှုဝန်ကြီးဌာန၊ မကွေးမြို့။ ဖုန်း-၀၆၇-၈၄၃၀၀၄၁**

"ပိုင်ရှင်မှ တိုက်ရိုက်ရောင်းမည်"
အထူးအဆင့်မြင့်ပြင်ဆင်ပြီးအသင့်နေကျောက်မြောင်းလမ်းကောင်းတိုက်ခန်းများ
(၁) အောင်မင်္ဂလာလမ်း၊ဒုတိယထပ်၊(17'x60') ကျပ်သိန်း(710)
(၂) မလွှကုန်းလမ်း ၊ဒုတိယထပ်၊(14'x50') ကျပ်သိန်း(800)
နှစ်ထပ် One Set ။
(၃) ဘယသုဒ္ဓိလမ်း ၊ တတိယထပ်၊(15'x50') ကျပ်သိန်း(460)
(၄) ဓမ္မဝိဟာရလမ်း ၊ တတိယထပ်၊(15'x50') ကျပ်သိန်း(510)
(ပွဲစားမလိုပါ) Ph : 09-450066151

**မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်နေ
ပါမောက္ခ ဗိုလ်မှူးကြီးကျော်ညွန့်(ငြိမ်း) (ဂုဏ်ထူးဆောင် ပါမောက္ခ၊ တပ်မတော်ဆေးတက္ကသိုလ်)-ဒေါက်တာညိုသန်းမူတို့၏သားလတ်

**ဗိုလ်ကြီးဇေဇာကျော်ညွန့်**
**B.E(Electronics)(DSTA), M.E(Mechatronics),**
**Ph.D(Engg.) (Machine Tools) (BMSTU, Moscow)**
[ယာယီသုတေသနအရာရှိ (ဗိုလ်မှူး)၊ တပ်မတော်နည်းပညာတက္ကသိုလ်]

နှင့်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)နေ
(ဦးအောင်နိုင်) (ငြိမ်း) (နည်းပြအရာရှိ ဘောဂဗေဒဌာန၊ စစ်တက္ကသိုလ်)-
ဒေါ်ရီရီသိန်း(မန်နေဂျာ) (ပြင်ဦးလွင်မြို့နယ် သမဝါယမအသင်းစု)တို့၏တစ်ဦးတည်းသောသမီး

**မစန္ဒာအောင်**
**B.A(LL.B)**
လက်ထောက်အရာရှိ (ရုံးမဘဏ်၊ ပြင်ဦးလွင်)

တို့၏ ၁-၁၁-၂၀၁၄ ရက်တွင် ပြင်ဦးလွင်မြို့၊ ကန်ဦးကျောင်းတိုက် မင်္ဂလာဘိသိက်အခမ်းအနား၌ ထိမ်းမြားမင်္ဂလာဆောင်ရွက်ပေးပါသော ဗိုလ်မှူးချုပ်မျိုးသန့်နှင့်ဇနီး ဒေါ်သီတာတိုး၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေညွှန်ကြားရေးမှူး ဦးငွေလွင်ဝင်း၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်မှူးသိန်းဦးနှင့် ဗိုလ်မှူးမျိုးသန့်တို့အားလည်းကောင်း၊ ၂-၁၁-၂၀၁၄ ရက်တွင် ပြင်ဦးလွင်မြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲနှင့် ၈-၁၁-၂၀၁၄ ရက် ရန်ကုန်မြို့၊ ဒက္ခိဏာရုံကျောင်းတိုက်တွင် ကျင်းပသော မင်္ဂလာဆွမ်းကပ်ဧည့်ခံပွဲတို့တွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး ဒေါ်မြတ်ငွေတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော တဆရ(၁/၇၀၀)တပ်မှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့်ဇနီး ဒုတိယဗိုလ်မှူးကြီး ဒေါ်ကေသီကျော်တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲမယ်ငြိမ်းမြတ်မိုးသူ၊ မင်္ဂလာပန်းခြင်းကိုင်များဖြစ်သော မောင်အောင်ခန့်ကျော်နှင့် မကြယ်စင်သော်၊ မင်္ဂလာပန်းကုံးကလပ်ကိုင် မဖွှန်လင်းနွယ်၊ မင်္ဂလာလက်စွပ်ကလပ်ကိုင် မစုမြတ်ထွေးတို့အားလည်းကောင်း၊ သတို့သားအရံနှင့် သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးကြပါသော ဗိုလ်ကြီးပြည့်ဖြိုးအောင်၊ ဗိုလ်ကြီးရဲရင့်အောင်နှင့်မဝါဝါကို၊ မနန်းခိုင်ဆုရည်သန်းဖေ တို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော အလက(၃) ပြင်ဦးလွင်မှ ဆရာမဒေါ်သင်းသင်းဦး၊ မိတ်ကပ်အောင်ထွန်းစံ (ပြင်ဦးလွင်)၊ အမရာမောင်(မန္တလေး)နှင့် ကျော်ကျော်လင်း(ယဉ်ကျေးမှု)တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံများ အလှုဖန်တီးပေးပါသော ဒေါ်အေးအေးဝင်း(Queen Fashion)၊ မျိုးမင်းစိုး(မန္တလေး)တို့အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုရွှေအာရုဏ်(မန္တလေး)၊ ရွှေပြည့်စုံဗီဒီယို (ရန်ကုန်)တို့အားလည်းကောင်း၊ မင်္ဂလာတေးဂီတအဖွဲ့(Royal Ruby)၊ ပန်းအလှဆင်မြန်းပေးပါသော ကိုမျိုး(ပြင်ဦးလွင်)တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားများသို့ တက်ရောက်ချီးမြှင့်ပေးသော တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဝင်းမင်းထွန်းနှင့် ဂုဏ်သရေရှိဧည့်သည်တော်များ၊ ဝိုင်းဝန်းကူညီပေးကြပါသော မိတ်ဆွေသင်္ဂဟများ၊ မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးဇေဇာကျော်ညွန့်-မစန္ဒာအောင်**

# မြန်မာပြည်မှာ အလုပ်အကိုင်မရှားပါ ဆန်းသစ်တီထွင်မှုဖြင့် ဝင်ငွေရှာ

**ရေစကြို နိုဝင်ဘာ ၈**

လူသားအားလုံးတို့သည် စားဝတ်နေရေးနှင့် ကြီးပွားချမ်းသာရေးအတွက် နေ့စဉ်အလုပ်လုပ်ကြရပါသည်။ ထိုသို့အလုပ်လုပ်ကြရာတွင် အလုပ်အမျိုးမျိုး စိတ်အထွေထွေဆိုသကဲ့သို့ အလုပ်အမျိုးမျိုးကို လုပ်ကိုင်ကြသည်။ အလုပ်အမျိုးမျိုးဟု ဆိုရာတွင် အချို့သော လူများက မိမိအကျိုးစီးပွားတစ်ခုတည်းအတွက်သာ အဓိကထားလျက် ဘယ်သူသေသေ ငတေမာပြီးရော သဘောဖြင့် လုပ်ကိုင်ကြသူများ၊ အချို့သော လူများက အတ္တနှင့် ပရမ္မတစ္စာဖြင့် သမာအာဇီဝမှုတစ္စာ လုပ်ကိုင်ကြသူများစသည်ဖြင့် လူအစားစားတို့သည် အလုပ်အမျိုးမျိုးကို လုပ်ကိုင်ကြလျက်ရှိကြသည်။

လူအစားစား အလုပ်အမျိုးမျိုးဖြစ်နေရခြင်းများကို ဘုရားဟောတရားနှင့် ယှဉ်ကြည့်မည်ဆိုလျှင် သူ့အကျိုးပေးနှင့်သူဖြစ်တည်နေခြင်းသာဖြစ်ပေသည်။ (ဥပမာ) သားသတ်အလုပ်သည် သူတစ်ပါး၏ အသက်ကို သတ်ခြင်းဖြစ်၍ ပါဏာတိပါတကံထိုက်စေသည့် အကုသိုလ်အလုပ်ဖြစ်သည်။ ထို့ကြောင့် သားသတ်အလုပ်ကို လူတိုင်း မလုပ်လိုကြသော်လည်း သူ့အကျိုးပေးနှင့်သူ လုပ်ကိုင်သူတွေရှိနေကြပေသည်။

မည်သို့ပင်ဖြစ်စေကာမူ လောကတွင် ရိုးရိုးသားသား၊ မှုမှုတတ သမာအာဇီဝအလုပ်ကို လုပ်ကိုင်၍ ဝင်ငွေရှာခြင်းသည် ကောင်းသော အလုပ်ဖြစ်သည်။ သမာအာဇီဝအလုပ်သည် မြတ်ဗုဒ္ဓ၏ အဆုံးအမ မင်္ဂလာတရားနှင့်လည်းညီပေသည်။

ကျွန်ုပ်တို့အားလုံးသည် ကောင်းသောအလုပ်နှင့် မကောင်းသောအလုပ်ကို ခွဲခြားသိရှိဖို့လိုသလို ရိုးရိုးသားသားနှင့် ကြိုးကြိုးစားစားလုပ်ဖို့လည်း လိုအပ်ပါသည်။ အမှန်တော့ မြန်မာပြည်တွင် အလုပ်အကိုင်မရှားပါ။

တစ်နေ့ နံနက်ခင်း ရေစကြိုမြို့ ဈေးကြီး၏ လမ်းဆုံအနီး မြင်နေကျပုံစံမျိုးမဟုတ်သည့် ဆန်းသစ်တီထွင်မှုအနုပညာဖြင့် ပူစီဖောင်းအရုပ်ကလေးများကို ရောင်းချနေသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

သို့အတွက် အနီးသို့ သွားရောက်၍ စေ့ငုကြည့်ရာ "ကျွန်တော်က မကွေးမြို့မှာနေပါတယ်။ အခု ရေစကြိုကို လာရောက်ပြီး ဒီဇိုင်းဆန်းဆန်း ဘရိတ်ဒန့်အရုပ်ကလေးတွေလုပ်ပြီး ရောင်းချနေတာဖြစ်ပါတယ်။ ကလေးတွေရဲ့ သဘာဝက လှုပ်လှုပ်ရှားရှားမြင်ရရင် စိတ်ဝင်စားပြီး သဘောကျကြတယ်။ ကလေးတိုင်းလိုလိုပါပဲ အခုရောင်းနေတဲ့ ပူစီဖောင်းအရုပ်ကလေးတွေကို မကွေးမှာတော့ ဘရိတ်ဒန့် တီးလုံးကိုဖွင့် လက်ကလည်း စည်းဝါးကိုက်လှုပ်ရှားပေးလိုက်ရင် ဘရိတ်ဒန့်တီးလုံးသံရယ် အရုပ်ရဲ့ လှုပ်ရှားဟန် ရယ်ကို မြင်တဲ့ကလေးတိုင်းက လူကြီးတွေကို ပူစာတော့တာပဲ။ ဒီတော့ လူကြီးတွေကလည်း ဝယ်ပေးရတော့တာ ပေါ့။ တစ်ရုပ်ကို ၅၀၀ ကျပ်နဲ့ ရောင်းပါတယ်။ ကုန်ကြမ်းပစ္စည်းကတော့ ရောင်စုံပိုက်ပူစီဖောင်း၊ အနက်ရောင်အပ်ချည်ကြိုး၊ တစ်လက်မပတ်လည်ခန့်ရှိတဲ့ ရော်ဘာတုံးလေးတွေ ဖြစ်ပါတယ်။ ပူစီပေါင်းကိုင်လေမှုတ် ဦးခေါင်းနဲ့ ကိုယ်လုံးပုံစံပေါ်အောင် အပ်ချည်ကြိုးနဲ့စီးပြီးတော့ ပိုက်ပူစီဖောင်းကိုလေမှုတ် လက်တွေ၊ ခြေထောက်တွေ ပုံသဏ္ဌာန်ပေါ်အောင် အပ်ချည်ကြိုးနဲ့ စီးပြီး လက်နှစ်ဖက်၊ ခြေနှစ်ဖက်တပ် ခြေနှစ်ဖက်အဆုံးမှာ ရော်ဘာတုံးလေး တစ်ဖက် တစ်လုံးစီတပ်၊ အားလုံးပြီးရင် တံမြက်စည်းတံသာသာအလုံးရှိတဲ့ ဝါးချောင်းရဲ့ထိပ်မှာ အပ်ချည်တစ်ပေလောက်ချ ဦးခေါင်းနဲ့ ချည်တုတ်ကလေးကို အထက်အောက်လှုပ်တဲ့အခါ အရုပ်ရဲ့ ခြေထောက်မှာတပ်ထားတဲ့ ရော်ဘာတုံးက မြေနဲ့ထိပြီး အပေါ်ကိုမြောက်မြောက်လာတော့ လှုပ်လှုပ်ရှားရှားဖြစ်လာတာပါပဲ။ တစ်နေ့ကို တစ်သောင်းဖိုး ရောင်းရရင် ကိုယ့်အတွက် ၇၀၀၀ ကျပ် အမြတ်ကျန်ပါတယ်။ ရောင်းရငွေကတော့ ပုံသေတွက်လို့တော့မရပါဘူး၊ တစ်ခါတလေလည်း တစ်သောင်းဖိုး တစ်ခါတလေလည်း သုံးလေးသောင်းဖို့ပေါ့၊ ကျွန်တော်က ဒီရာသီမှာ တစ်မြို့ပြီး တစ်မြို့လှည့် ရောင်းပါတယ်။ မြောက်ဘက်ဆို မြစ်ကြီးနားအထိ ရောက်ပါတယ်။ ဒီအချိန်က မကွေးနယ်မှာ စိုက်ပျိုးချိန် သီးနှံခူးဆွတ်ချိန်ဆိုရင် ပူစီဖောင်းရောင်းတဲ့အလုပ်ကို နားပြီး သီးနှံရိတ်သိမ်းခူးဆွတ်တဲ့ အလုပ်လုပ်ပါတယ်။

ဤသို့လျှင် ပူစီဖောင်း အရုပ်လုပ် ရောင်းချရာတွင် ဆန်းသစ်တီထွင်မှုအနုပညာနှင့် ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် အနိမ့်ဆုံးတစ်နေ့ ဝင်ငွေကျပ် ၇၀၀၀ ရရှိနိုင်ပေသည်။

ငင်းကပင် ဆက်လက်၍ မြန်မာပြည်မှာ အလုပ်အကိုင် မရှားပါးဘူး ဆရာရယ်၊ အလုပ်လုပ်ချင်တဲ့ စိတ်ရှိဖို့ပဲ လိုပါတယ်။ ရိုးရိုးသားသားနဲ့ ကြိုးကြိုးစားစား အလုပ်လုပ်မယ်ဆိုရင် အဆင်ပြေပါတယ် ကျွန်တော်ဆိုရင် စားပြီးသောက်ပြီး တစ်လတစ်သိန်းခွဲ၊ နှစ်သိန်းလောက်တော့ ဝင်ငွေရှိပါတယ်။ တချို့လူတွေက နိုင်ငံခြားသွားပြီး အလုပ်လုပ်ကြတယ်။ ပိုက်ဆံတော့များများ ရချင်ရမယ်။ ဒါပေမယ့် ကျွန်တော်တို့ နိုင်ငံသားတွေ လုပ်အားတွေ ဆုံးရှုံးတယ် ဆရာရဲ့ ကိုယ့်လုပ်အားတွေက သူတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ ဖြစ်နေတယ်။ အဲဒီလုပ်အားတွေကို ကိုယ့်နိုင်ငံအတွက် အသုံးချမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ ဆရာရယ်။ ကျွန်တော်ကတော့ အဲဒီအလုပ်မျိုးကို လုံးဝအားမကျဘူး။ ပြီးတော့ နိုင်ငံခြားမှာ အောက်ခြေသိမ်းလုပ်ရတာ၊ ခွဲခြားဆက်ဆံတာခံရတယ်။ တချို့ဆို မသိနားမလည်တာရယ်၊ လောဘကြီးတာရယ်ကြောင့် ရောင်းစားခံရသေးတယ်။ သူများ နိုင်ငံသွား အောက်ကျနောက်ကျ အလုပ်လုပ်ခိုင်းသမျှလုပ်၊ ကျွေးသမျှစားဖြစ်သလိုနေရတဲ့ အဲဒီလိုအလုပ်မျိုးတော့ ပိုက်ဆံဘယ်လောက်ရရ ကျွန်တော်ကတော့မလုပ်ဘူး။ ကိုယ့်နိုင်ငံအရိပ်၊ ကိုယ့်မိဘအရိပ်၊ ဆွေရိပ်မျိုးရိပ်အောက်မှာ ရိုးရိုးသားသား၊ ကြိုးကြိုးစားစားလုပ်ရင် မကြီးပွား၊ မချမ်းသာရင်တောင် ထမင်းမငတ်ပါဘူး။ စိတ် လည်းချမ်းသာတယ်"ဟု ပူစီဖောင်း ရောင်းသူလူငယ်က ပြောပြသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

---

# ကနီမြို့ဝင် ရေဝါချောင်းကူး တံတား ဆောက်လုပ်ရန် အောက်မြေခိုင်မာမှုအခြေအနေ စတင်စမ်းသပ်

**ကနီ၊ နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့အဝင်တွင် နှစ်ဖာလုံကျော်သုံးဖာလုံခန့် ကျယ်ဝန်းသော ရေဝါချောင်းကို ချောင်းကူးတံတား ဆောက်လုပ်နိုင်ရန်အတွက် အောက်မြေခိုင်မာမှု စမ်းသပ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားဆောက်လုပ်မည့် ရေဝါချောင်းမှာ ကနီမြို့နှင့် မိုင်နှစ်ဆယ်ကျော် ဝေးကွာသော မဟူရိုးမတောင်တန်းမှ အဖျားခံကာ အရှိန်အဟုန်ဖြင့် စီးဆင်းသောကြောင့် မိုးရာသီ မိုးများရွာသွန်းချိန်တွင် ချောင်းရေများ ကျဆင်းလာလျှင် မြို့နယ်အတွင်းမှ ပြည်သူများခရီးသွားလာရန် အလွန်ခက်ခဲကြောင်း၊ ကားများ၊ ဆိုင်ကယ်များစသည့် ယာဉ်ကြီး ယာဉ်ငယ်များ ချောင်းကိုကူးရန် ခက်ခဲသကဲ့သို့ ကျောင်းသားကျောင်းသူလေးများပါကျောင်းသို့ သွားလာရန်လည်း ခက်ခဲကြောင်း၊ ယခု တံတားဆောက်လုပ်ရန်အတွက် အောက်မြေခိုင်မာမှု အခြေအနေကို စတင်စမ်းသပ်နေပြီဖြစ်ပြီး တံတားကြီး ဆောက်လုပ်ပြီးစီးပါက ကနီမြို့ သာမက ကနီ-မင်းကင်းလမ်းဘေးရှိ ကျေးရွာများပါ သွားလာရန် လွယ်ကူလာမည်ဖြစ်ကာ ကုန်စည်စီးဆင်းမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ လျင်မြန်စွာတိုးတက်လာပြီး ယင်းဒေသများရှိ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည် အခက်အခဲများလွယ်ကူလာနိုင်မည်ဖြစ်သဖြင့် ပြည်သူများကလည်း ချောင်းကူးတံတားကြီး ဆောက်နိုင်ရန်ကိုလိုလားလျက်ရှိနေကြကြောင်း သိရသည်။

ယင်းမြေစမ်းသပ်မှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြေစမ်းသပ်ရေးသုတေသန ဓာတ်ခွဲခန်းများရုံးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လာရောက်စမ်းသပ်ပြီး ပေခြောက်ဆယ်အထိ မြေစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း မြေစမ်းသပ်ရေးအဖွဲ့မှ တာဝန်ရှိသူက ပြောကြားခဲ့သည်။

**သန်းငွေအောင်(ကနီ)**

---

# ဖျာပုံရွှေနတ်ကူဘုရားကြီး၏(၁၈)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် တန်ဆောင်တိုင် နိဗ္ဗာန်ဈေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဖျာပုံ၊ နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင် ရွှေနတ်ကူဘုရားကြီး ဂေါပကအဖွဲ့က ကြီးမှူး ကျင်းပသည့် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၈)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲကို ၁၃၇၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညက ရွှေနတ်ကူဘုရားကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အမရာဒေဝီ၊ မဒီဒေဝီ၊ ဆန္ဒကိန္နရီ၊ သဗ္ဗာလဒေဝီစသည့် စင်တော်လေးစင်ဖြင့် ရက်လုပ်ယှဉ်ပြိုင်ဆက်ကပ်လှူဒါန်းသည့် မသိုးသင်္ကန်းရက်ပြိုင်ပွဲကို ဖျာပုံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီဦးစိုးနိုင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်တို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းနောက် ပြိုင်ပွဲမှ ရက်လုပ်ရရှိသော မသိုးသင်္ကန်းများကို တန်ဆောင်မုန်းလပြည့်နေ့ အာရုဏ်မတိုင်ခင် ရွှေနတ်ကူဘုရားတန်ဆောင်းတော်ကြီးအတွင်းရှိ သက်ဆိုင်ရာ ရုပ်ပွားတော်များတွင် တစ်ပြိုင်နက်တည်း ဆက်ကပ်လှူဒါန်းကြသည့်အပြင် တန်ဆောင်မုန်းလဆန်း ၁၄ရက် ညနေပိုင်းကလည်း ရွှေနတ်ကူဘုရားကြီးဝင်းအတွင်း၌ အလှူရှင်များက ဘုရားဖူးများအား စတုဒိသာမုန့်များ လှူဒါန်းကျွေးမွေးကြခြင်းဖြင့် ကုသိုလ်ပြုခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဇေကန်ကျော်ကြား ရွှေနတ်ကူဘုရားကြီးသည် ဖျာပုံမြို့၊ မန်းကျည်းတန်းရပ်ဟုခေါ်တွင်ခဲ့သော ယခုအခါ အမှတ်(၄)ရပ်ကွက်တွင် ရှိသည်။

အမှတ် (၄) ရပ်ကွက် သီရိမင်္ဂလာ ကံဦးကျောင်းတိုက်ကို ဦးစွာ တည်ထောင်တော်မူခဲ့သည့် မဟာနာယက ဘဒ္ဒန္တနရိန္ဒမထေရ်မြတ်ကြီးသည် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို သမာဒေဝ နတ်မြတ်များ၏ ကူညီပူဇော်သွန်းလုပ်သဖြင့် အောင်မြင်တော်မူခဲ့သောကြောင့် "အတုလမာရဇိန် ဇေကန် ကျော်ကြား ရွှေနတ်ကူဘုရား" မဟာဘွဲ့တော်သလျက် မြန်မာသကရာဇ် ၁၂၂၂-ခုနှစ်၊ (အေဒီ-၁၈၆၀) ခန့်တွင် စတင်ပေါ်ထွန်း ကိုးကွယ်လာခဲ့ကြရာယခုအခါ နှစ်ပေါင်း(၁၅၀)ကျော်ခဲ့ပြီဖြစ်ကြောင်း သမိုင်းအထောက်အထားများအရသိရသည်။

**သူဇာနွယ်(ဖျာပုံ)**

**တေးဆိုဝါသနာရှင်များအား ဖိတ်ခေါ်ပါသည်။**
Shining Stars(Arts Media) မှ ဦးစွာစိစဉ်ထုတ်လုပ်ဖြန့်ချိမည့် "ပျော်ရွှင်မြူးကြွ (၂၀၁၅) သင်္ကြန်တေးများ" (စုပေါင်းစီးရီးငွေ)တွင် ပါဝင်သီဆိုလိုသော တေးဆိုဝါသနာရှင် များကို လှိုက်လှဲစွာ ဖိတ်ခေါ်ပါသည်။ နေ့စဉ်=(1pm to 6pm)အတွင်း လာရောက် ဆက်သွယ်စုံစမ်းနိုင်ပါသည်။ Form ပိတ်ရက် - (19.11.2014)
(1 Song Charges Fee) = Audio CD ငွေအထိ (၂)သိန်း။
= DVD (Live Show/MTV) ငွေအထိ (၄)သိန်း။
အမှတ်(၂၅၇)၊ ၄-လွှာ၊ ကျိုက္ကဆံလမ်းမ နှင့် ၁၅၂-လမ်းထိပ်၊ တာမွေဈေးအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-31220468, 09-974078701, 09-421039250

**ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး**
အလုပ်တစ်ခုတစ်ကယ်လိုအပ်ပြီဆိုရင်.........
ခိုင်မာ၊ မှန်ကန်တဲ့လုပ်ငန်းတွေမှာ မြန်မြန် အလုပ်ရဖို့လာရောက် ဆက်သွယ်ကြည့်လိုက်ပါ။ CRANE
တိုက်(၁၆၆/ခ)၊စမ်းချောင်းလမ်း၊ မြေနီကုန်း။
0973216922,095094914,518474

**ကြော်ငြာစာ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၃၆)၊ ဦးပိုင်အမှတ်(၃၀)၊ ၃၆×၃၇ကြားစိန်ပန်း×မဟာစည်လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော အစ်မဖြစ်သူ ဒေါ်ရင်(အပျိုကြီးဘဝ)ဖြင့် ကွယ်လွန်သဖြင့် မောင်ဖြစ်သူ ဦးခန့်မှ အမွေဆက်ခံခဲ့ပါသည်။ ဦးခန့်သည် ဒေါ်သင်းကြိုင်နှင့် အိမ်ထောင်ကျပြီးသမီးဒေါ်လှရွှေအား မွေးဖွားခဲ့ပါသည်။ ဖခင် ဦးခန့်၊ မိခင် ဒေါ်သင်းကြိုင်တို့အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သော (တူမ/သမီး)ဖြစ်သူ ဒေါ်လှရွှေ[၉/မနတ (နိုင်)၀၆၃၅၉၂]မှ ဘိုးဘအမည်ပေါက်မြေပုံ၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆F၂၊ မြေကွက်အမှတ် ၄၅၊ မြေကွက်တည်နေရာအမှတ်(၂၇)၊ သရက်တောလ(၁)လမ်း၊ သရက်တောမြောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ အမည်ပေါက် ဦးကျော်စိန်+ မသိန်းမြေအား အမည်ပေါက် ဦးကျော်စိန်+မသိန်း ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းသွယ်[၁၂/ကမတ(နိုင်)၀၃၈၈၈၆]မှ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၂၁၂ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃၊ အမွေထိန်းလက်မှတ်စာတင်ပြပြီး အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြေညာစာ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၀)၊ မြေကွက်အမှတ်(၁၂၄၈/က)၊ အလျားပေ(၂၀× အနံ၆၀) မြေကွက်ရရှိသူ အမည်ပေါက် ဦးတင်မြင့်ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးမင်းနောင်(ဘ)ဦးပြုံးကြီး [၁၂/ဒဂရ(နိုင်)၀၀၁၀၈၅]၊ ကိုင်ဆောင်ပိုင်ဆိုင်သူက မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ(၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ မြေယာရုံးခွဲ(၁၂)

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/အနော်မာ)၊ မြေကွက်အမှတ်(၆၇/ခ)၊မြေကွက်တည်နေရာအမှတ်(၆၇/ခ)၊ အနော်မာ(၁)လမ်း၊(၁)ရပ်ကွက်၊ သာကေတမြို့နယ်]၊ (ဒေါ်အေးကြည်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အေး ကြည်(မိခင်)နှင့် ဦးတင်ရွှေ(ဖခင်) တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်မြင့်မြင့်ရွှေ[၁၂/သကတ (နိုင်)၀၄၉၁၅၄]မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်နိုင်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၆၊ မြေကွက်အမှတ်-၂၀၄၀၊ မြေကွက်တည်နေရာအမှတ် (၂၀၄၀)၊ လှော်ကားလမ်းသွယ်လမ်း၊ (၁၄၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးထွန်းစိန် [CG- ၀၆၉၄၀၂] အမည်ပေါက်၊ ပါမစ်မြေအား ဦးထွန်းစိန်ထံမှ ဝယ်ယူထားကြောင်း အရပ်စာချုပ်၊ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့်နှစ် (၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၆၊ မြေကွက်အမှတ်-၁၉၄၁၊ မြေကွက်တည်နေရာ အမှတ် (၁၉၄၁)၊ လှော်ကားလမ်းသွယ်လမ်း၊ (၁၄၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးလှကြိုင် [PGU- ၂၂၄၄၀၉] အမည်ပေါက်၊ ပါမစ်မြေအား ဦးလှကြိုင်ထံမှ ဝယ်ယူထားကြောင်း အရပ်စာချုပ်၊ ပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် (၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၀၅)၊ မြေကွက်အမှတ်(၃၇)၊ မြေကွက်တည်နေရာအမှတ်(၃၇)၊လှော်ကားလမ်း၊(၁၀၅)ရပ်ကွက်၊ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ [ဦးထွန်းရည်-၁၂/သဃက(နိုင်) ၀၇၁၃၁၄]၊ [ဒေါ်ညွန့်ရီ-၁၂/သဃက(နိုင်) ၀၇၀၂၁၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(၂)ဦးအနက်မှ ဒေါ်ညွန့်ရီ ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးထွန်းရည်မှ ပိုင်ဆိုင်ကြောင်းကြော်ငြာစာချုပ်(၁၀၆၈/၁၃-၃-၁၄)၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်လွှာ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## စည်းကမ်းမဲ့ဆိုင်ကယ်များအား အရေးယူဆောင်ရွက်

**မော်လိုက် နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့ပေါ်ရှိ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် အသက်အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် မော်လိုက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဦးစိုးဝင်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၅ ရက်မှစ၍ စည်းကမ်းမဲ့မောင်းနှင်သည့် ဆိုင်ကယ်များအား မြို့နယ်တရားရုံးသို့ ပို့ဆောင်၍ အရေးယူဆောင်ရွက်နေကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးစိုးဝင်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် ယာဉ်အသုံးပြုမှုများသည့် လမ်းဆုံနေရာ ရှစ်နေရာတွင် အဖွဲ့ခွဲ၍ စည်းကမ်းမဲ့ ဆိုင်ကယ်မောင်းနှင်သူများ၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများ၊ သတ်မှတ်ဦးရေထက် တင်ဆောင်စီးနင်းသူများ၊ ယာဉ်လိုင်စင်မရှိသူများကို စစ်ဆေး၍အရေးယူခဲ့သည်။

ယင်းသို့အရေးယူရာတွင် မြို့နယ်တရားရုံးသို့ သွားရောက်၍ ဒဏ်ငွေဆောင်စေပြီး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ဥပဒေဆိုင်ရာ အကြောင်းအရာများ ရှင်းလင်းဟောပြောပေးသည်။ ယင်းမှာပြည်သူများ ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာတတ်စေရန်ဆောင်ရွက်ခြင်းဖြစ်သည်။ **မော်လိုက်သားလေး**

## ကလေးမြို့နယ် ကလေး – နတ်ချောင်း – ဖလမ်းလမ်းပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်

**ကလေး၊ နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နတ်ချောင်းကျေးရွာမှ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် ပန်းမွန်ချောင်းကျေးရွာနယ်စပ်အထိ ကလေး-နတ်ချောင်း-ဖလမ်း လမ်းပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းလမ်းပိုင်းသည် အရှည် ၂ မိုင်နှင့် ၃၃၀ ပေ၊ အကျယ် ၁၂ ပေရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေမှ ကျပ်သန်းပေါင်း ၁၅၇ ဒသမ ၇ သန်း အကုန်အကျခံကာ ကလေးခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း အငယ်တန်းအင်ဂျင်နီယာ (၂) မြို့ပြက ပြောသည်။

အဆိုပါ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုများ အမြန်ဆုံးပြီးစီးနိုင်ရန် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက အနီးကပ်ကြီးကြပ်ခဲ့ရာ ယခုအချိန်တွင် ယင်းလမ်းပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်း၊ လမ်းတာပေါင်မြေဖို့၊ မြေညှိခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ကလေးမြို့နှင့် ချင်းပြည်နယ်ဖလမ်းမြို့များသို့ ပြည်သူများသွားလာရာတွင် အလွန်အကျိုးပြုမည်ဖြစ်သည်။ **ဂျူနိုင်း**



## ရေးမြို့သမိုင်းဝင်ကျိုက်သရေဆောင် ရွှေဆံတော်စေတီတော်ရင်ပြင်တော်၌ သာမညဖလအခါတော်နေ့တွင် ဆီမီး ၂၁၀၀ ထွန်းညှိပူဇော်

**ရေး၊ နိုဝင်ဘာ ၈**

မွန်ပြည်နယ် ရေးမြို့ သမိုင်းဝင်ကျိုက်သရေဆောင် ရွှေဆံတော်စေတီတော်ရင်ပြင်တော်၌ သာမညဖလအခါတော်နေ့တွင် တန်ဆောင်မုန်းလပြည့်နေ့ ညပိုင်းတွင် ဆီမီး ၂၁၀၀ အား ထွန်းညှိပူဇော်ပွဲကို ကျင်းပခဲ့ကြကြောင်း သိရသည်။

ဋ္ဌင်းဆီမီးပူဇော်ပွဲတွင် ဦးဆောင်ဆရာတော် အရှင်ပညာသာမိအပ္ပမာဒတောရ (ကသိုင်) ကျောင်းနှင့် ဓမ္မမိတ်ဆွေသံဃာတော်များနှင့်အတူ မြသီတာဈေးမှ ဈေးသူ၊ ဈေးသားများ၊ ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၀၀ ဦးက ဆီမီး ၂၁၀၀ အား ရွှေဆံတော်စေတီရင်ပြင်တော်၌ ပူဇော်လျက်ရှိကြသည့်အပြင် ရေးမြို့ကျိုက်သရေဆောင် သာသနာ ၂၅၀၀ စေတီရေလယ်ဘုရားရှေးဟောင်းကျုံးတော်ကြီးအတွင်းသို့ ဆီမီး ၅၀၀ ကိုလည်း ရေမျှော၍ပူဇော်ခဲ့ကြောင်း သိရသည်။

ဆရာတော် သံဃာတော်အရှင်သူမြတ်များနှင့် အဖွဲ့ဝင်များသည် လပြည့်နေ့တိုင်းတွင် ရွှေဆံတော်စေတီတော်၌ ရေချမ်းခွက် ၁၀၀၀ ကိုလည်း ကပ်လှူပူဇော်လေ့ရှိကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**

# ကေတုမတီတောင်ငူ (၅၀၄) နှစ်ပြည့်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**တောင်ငူ၊ နိုဝင်ဘာ ၈**

ညကတည်းက မိုးတဖွဲဖွဲရွာနေသည့်အတွက် မနက်ဖြန် ကေတုမတီတောင်ငူ (၅၀၄) နှစ်ပြည့် ဝင်းခင်းသဘင်ကျင်းပသည့်အခါ အဆင်မပြေပဲ့မလားဟု တောင်ငူမြို့ခံများ အထူးပင်စိုးရိမ်နေကြသည်။

နိုဝင်ဘာ ၆ ရက် နံနက်ပိုင်း မိုးကအုံ့မှိုင်းလျက်ရှိပြီး ၇ နာရီကျော်ကတည်းက ဝင်းခင်းသဘင်ကိုကြည့်ရှုလိုသည့် ရပ်ဝေးရပ်နီးမှလာကြသူများ၊ တောင်ငူမြို့ခံဧည့်ပရိသတ်များမှာ ဗိုလ်မှူးဖိုးကွန်းလမ်းထိပ်ရှိ ဗဟိုမဏ္ဍပ်ရှေ့နှင့် ဝန်းကျင်တွင် မရေတွက်နိုင်အောင်များပြားကာ တဖွဲဖွဲလာရောက်လျက်ရှိသည်။ ကကြိုးတန်ဆာများဆင်ထားသည့် ဆင်များနှင့်မြင်းသည်တော်များ၊ ရှေးမူနန်းဟန်မပျက် ဝတ်စားဆင်ယင်ထားသည့်နန်းတွင်းသူများကလည်း ဗဟိုမဏ္ဍပ်ရှေ့၌နေရာ ယူပြီးအခမ်းအနား စတင်မည့်အချိန်ကို စောင့်ဆိုင်း လျက်ရှိသည်။

ဧည့်ပရိတ်သတ်များလည်း မင်းကြီးညိုရုပ်တုရှေ့ ကွင်းပြင်မှသည် ဗိုလ်မှူးဖိုးကွန်းလမ်းတစ်လျှောက်၊ ရထားလမ်း၊ ကားလမ်းများ နေရာအနှံ့ ပြည့်ကြပ်နေပြီး တာဝန်ရှိသူများက ဂရုတစိုက် ကြပ်မတ်ထိန်းနေရသည်ကို တွေ့ရှိရသည်။

ဝင်းခင်းသဘင်အခမ်းအနားတွင် ပြည်သူချစ်သော အနုပညာရှင်များ ပါဝင်မည်ဖြစ်သည့်အတွက် ယခုနှစ်တွင် ဘယ်သူတွေများပါကြမလဲဟူသောအတွေးကြောင့် ပရိသတ်များ အထူးပင်စိတ်ဝင်တစားရှိပြီး နံနက် ၈ နာရီခွဲတွင် ပရိတ်သတ်များက လက်ခုတ်များတီးကာ အော်ဟစ်အားပေးသံများ ဆူညံသွားခဲ့ပြီး အကယ်ဒမီများရှင် ရုပ်ရှင်သရုပ်ဆောင် မင်းသားရန်အောင်၊ အကယ်ဒမီ မေသန်းနု၊ ဟိန်းဝေယံ၊ ဖိုးချစ်၊ မိုးယုစံ၊ အကယ်ဒမီ စိုးပြည့်သဇင်နှင့် အခြားသောအနုပညာရှင်များ နန်းဝတ်နန်းစားများနှင့် ရောက်ရှိလာကြသည်။

ပြည်တွင်း ရုပ်သံများနှင့် သတင်းမီဒီယာများကလည်း နေရာလပ်မကျန် မှတ်တမ်းတင်လျက်ရှိပြီး နံနက် ၉ နာရီတွင် ဖွင့်ပွဲအခမ်းအနားကို တာဝန်ရှိသူများကဖွင့်လှစ်ပေးခဲ့ရာ ပရိသတ်များ၏ လက်ခုတ်ဩဘာသံမှာ ကွင်းလုံးပြည့်လျှံသွားခဲ့သည်။

မင်းကြီးညိုအဖြစ် သရုပ်ဆောင်ရန်အောင်၊ မိဖုရားကြီးအဖြစ် မင်းသမီးမေသန်းနု၊ အိမ်ရှေ့စံအဖြစ် မင်းသားဟိန်းဝေယံနှင့် သရုပ်ဆောင် မိုးယုစံ၊ စစ်သူကြီးဘုရင့်နောင်အဖြစ် မင်းသားဖိုးချစ်တို့က သရုပ်ဆောင်ခဲ့ရာ အထူးပင်စိတ်ဝင်တစားအားပေးကြသည်ကို တွေ့ရသည်။ နောက်ခံတေးဂီတ၏ ဗိန်းဗောင်းရေးခင်းသံနှင့်အတူ စစ်သူကြီးဘုရင့်နောင်ဦးစီးသည့် မြင်းသည်တော်များ၏ စစ်ချီစစ်တက်ဟန်၊ ဒုန်းစိုင်းမောင်းနှင်သည့်မြင်းခွာသံများမှာ သရုပ်သဏ္ဍာန်ပေါ်လွှန်းလှပြီး မြင်တွေ့ကြရသူတိုင်း ရှေးခေတ်မြန်မာ့တပ်မတော်ကြီး အမှန်တကယ်ပင်ရောက်လာသလားဟုပင် ထင်မြင်မိသည်။

ကေတုမတီခေတ် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော စစ်သူကြီးဘုရင့်နောင်ကျော်ထင်နော်ရထာ၏ နေရာတွင် သရုပ်ဆောင်သော မင်းသားဖိုးချစ်မှာ စစ်သူကြီးဝတ်စုံနှင့် အလွန်ပင်လိုက်ဖက်ကာ ပရိတ်သတ်များက အော်ဟစ်အားပေးကြသည်ကို တွေ့ရသည်။ တောင်ငူကေတုမတီမြို့တည် နန်းတည် နှစ် (၅၀၀) ပြည့်ပွဲတော်မှစတင်လာခဲ့သော ယခုပွဲတော်ကြီးတွင် တာဝန်ရှိသူများ၊ မြို့ခံများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် မိုးဖွဲဖွဲကျလာသော်လည်း ဖွင့်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ **ကိုလွင်(ဆွာ)**

ပထမဦးဆုံးဘာသာစုံဂုဏ်ထူးရှင်နှင့် ကမ္ဘာ့အမှတ်အများဆုံးဆုရှင်များ မွေးထုတ်ပေးထားသော EVER UP abe college

EVER UP
HUMAN RESOURCES INSTITUTE

UK Qualifications:
Diploma / Higher Diploma / Graduate Diploma in
- Business Management
- Human Resource Management
- Financial Management
- Marketing Management
- Travel, Tourism & Hospitality Management

10th Standard → ABE UK Diplomas → MBA / M.Sc / Final Year of U.K Degrees / Manager & Entrepreneur

သင်တန်းသစ်များအတွက် ကျောင်းအပ်လက်ခံနေပြီ။

နိုင်ငံတကာအသိအမှတ်ပြုဖြစ်တယ် ... ပညာရေးအဆင့်မြင့်မယ် ... ရာထူးလည်းမြင့်တယ် ... လစာလည်းကောင်းမယ် ...
UK Management Diploma ဆိုရင် ... abe ကို ရွေးမယ်... EVER UP မှာ တက်တယ် ...

ENROLL NOW ! ၂၀၁၄ ဒီဇင်ဘာလတွင် အတန်းသစ်များစမည်။

Room-402, MGW Tower, Bo Aung Kyaw St., Botahtaung Tsp., Yangon, Myanmar. Tel : 95-1-256523, 09 731 75137
E-mail : info@everup33.com, Facebook : http://www.facebook.com/everup33.HRI

EVER UP abe college

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ်(၆၉၃/ခ)၊ မြေကွက်တည်နေရာအမှတ်(၆၉၃/ခ)၊ ဝေဇယန္တာ (၁၆)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးတင်မျိုးဇော် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်မျိုးဇော်မှ ဂရန်မူရင်းပျောက်ဆုံးသဖြင့် ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၈၅၅)၊ မြေချပါမစ်အမည်ပေါက် ဒေါ်ညွန့်ညွန့်ခင်ထံမှ အရပ် ကတိစာချုပ်ဖြင့်ဝယ်ယူထားသူ ဦးသန်းငွေမှ အရပ်ကတိအရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေချပါမစ်မိတ္တူ၊ ဘဏ်ချေးငွေအကျေဆပ်ပြီးကြောင်း ဘဏ်ထောက်ခံ ချက်မိတ္တူများ တင်ပြ၍ မြေချပါမစ်မူရင်းနှင့် မြေငှားစာချုပ်မူရင်းလဲလှယ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ မြေငှားစာချုပ်လဲလှယ်ထုတ်ယူခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက မြေချပါမစ်မူရင်းကိုသိမ်းယူ၍ မြေငှားစာချုပ်မူရင်း လဲလှယ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

# ပထမဆုံး ရှိမ်းမကားတောရကြီးကျောင်း ဘေးမဲ့တော သက်တမ်း ၁၅၀ ကျော်ခဲ့ပြီ



ရှိမ်းမကားတောရကြီးကျောင်းဘေးမဲ့တောသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရှိမ်းမကားကျေးရွာနှင့် ငရယ်ကျေးရွာအကြား တည်ရှိပြီး ဧကပေါင်း ၃၃၄ ဧက၊ စတုရန်းမိုင် ၀ ဒသမ ၅ မိုင်ကျယ်ဝန်း၍ မြန်မာနိုင်ငံ၏ ပထမဆုံးသော ဘေးမဲ့တောဖြစ်သည်။ ယင်းဘေးမဲ့တောသည် သမင်၊ ဒရယ်၊ ယုန်နှင့် တောဝက် စသည့်တိရစ္ဆာန်များ ခိုအောင်းပျော်မြူးရာ ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၂၂၄ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၆၂ တွင် မင်းတုန်းမင်းကြီးမှ ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းရှိ ရှိမ်းမကားနှင့် ငရယ်ကျေးရွာအကြား ဘေးမဲ့တောသတ်မှတ်ခဲ့ပြီး နယ်နိမိတ်အားဖြင့် မြောက်ဘက် ရှိမ်းမကားကျေးရွာ၊ အရှေ့ဘက်ဧရာဝတီမြစ်၊ တောင်ဘက် ငရယ်ကျေးရွာနှင့် အနောက်ဘက် သဲဖြူချောင်းအထိ အကျယ်အဝန်း ၃၃၄ဧကကို တောရကြီးဘေးမဲ့တောအဖြစ် စာချွန်တော်ထုတ်၍ သတ်မှတ်ခဲ့ပြီး သက်တမ်း ၁၅၀ ကျော်ရှိပြီဖြစ်သော ဘေးမဲ့တောတစ်ခုဖြစ်သည်။ ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ကြသော မင်းတုန်းမင်း၊ သီပေါမင်းတို့၏ စာချွန်တော်နှစ်ခုနှင့် နယ်ပိုင်ဝန်ထောက် မစ္စတာဘီးခန်းနား၏ လက်မှတ်ပါ စာရွက်တို့ကို တောင်တောရကြီးကျောင်းတိုက်၌ ယနေ့တိုင် ထိန်းသိမ်းထားလျက်ရှိသည်။

ရှိမ်းမကားတောရကြီးကျောင်းဘေးမဲ့တောသို့ ရေလမ်း၊ ကုန်းလမ်းတို့ကိုအသုံးပြု၍ သွားရောက်လေ့လာလည်ပတ်နိုင်သည်။ ရေလမ်းကိုအသုံးပြုပါက မန္တလေးမှ ရှိမ်းမကားကျေးရွာသို့ ခရီးအကွာအဝေးမိုင် ၂၀ ခန့်ရှိပြီး ရေဆန် ကြာချိန် ငါးနာရီခန့်ကြာမြင့်မည်ဖြစ်သည်။ ကုန်းလမ်းကိုအသုံးပြုပါက ၂၆ မိုင် အကွာအဝေးရှိပြီး ခရိုင်ချင်းဆက်လမ်းအမှတ် ၃ မှ သွားရောက်နိုင်ပြီး ခရီးစဉ်စီစဉ်ရန်လွယ်ကူ၍ နေ့ချင်းပြန် ခရီးသွားရောက်နိုင်သော ဘေးမဲ့တောဖြစ်သည်။

ရှိမ်းမကားတောရကြီးကျောင်းဘေးမဲ့တောအတွင်း အမဲလိုက်ခြင်းများကြောင့် သမင်ကောင်ရေများစွာနှင့် သက်ရှိအရင်းအမြစ်များစွာ ဆုံးရှုံးလျော့ကျခဲ့ရခြင်း၊ သိုး၊ ဆိတ်စသည့် သတ္တဝါများကို စားကျက်ချခြင်းတို့ကြောင့် ဘေးမဲ့တောမှသစ်ပင်များစွာ ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရခြင်းနှင့် အဓိကလောင်စာအရင်းအမြစ်ဖြစ်သော ထင်းလောင်စာအတွက် သစ်တော၊ သစ်ပင်များကို ခုတ်ယူကြခြင်းတို့ကြောင့် ဘေးမဲ့တော၏ ၃၀ ရာခိုင်နှုန်းခန့် ပြုန်းတီးခဲ့ရသည်။

၂၀၀၉ ခုနှစ်မှစတင်၍ ရှိမ်းမကားတောရကြီးကျောင်းဘေးမဲ့တောအတွင်းသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အပူပိုင်းဒေသပေါက် သဘာဝသစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်း၊ သဘာဝသစ်တောနှင့် သားငှက်တိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်ခြင်းမှ ကာကွယ်ခြင်း၊ သစ်တောပြန်လည်ပြုစု ပျိုးထောင်ခြင်း၊ ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံများနှင့် ပူး ပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှိမ်းမကားတောရကြီးကျောင်းဘေးမဲ့တောသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင်တည်ရှိပြီး အပူပိုင်းဒေသ ပေါက်ပင်များ ထိန်းသိမ်းထားသောဘေးမဲ့တောကြီးဖြစ်သောကြောင့် ပတ်ဝန်းကျင် ရာသီဥတု၊ ဒေသခံများနှင့် သားငှက်တိရစ္ဆာန်များ အားထားရာဒေသကြီးဖြစ်သည်။ ဘေးမဲ့တောအတွင်း အသားစား သတ္တဝါများ၊ နို့တိုက်သတ္တဝါများ၊ တွားသွားသတ္တဝါများနှင့် ရာသီအလိုက် ရွှေ့ပြောင်းတတ်သောငှက်များကို တွေ့ရှိနိုင်သည်။ အချို့မှာ အပြည်ပြည်ဆိုင်ရာထိန်းသိမ်းမှုအဆင့်အဖြစ် သတ်မှတ်ခြင်းခံရပြီး မျိုးပြုန်းမည့်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသောသတ္တဝါဖြစ်သည့် နိုင်ငံဂုဏ်ဆောင် မြန်မာဌာနေဖွား ရွှေသမင်များ ကျက်စားပျော်မွေ့ရာဒေသကြီးလည်းဖြစ်သည်။

ယင်းအပြင် ရှားပါးမျိုးနွယ်ဝင် သစ်ပင်များနှင့်ဆေးဖက်ဝင်အပင်များ ပေါက်ရောက်ရာဒေသကြီးဖြစ်သည့် အပြင် ရှိမ်းမကားတောရကြီးကျောင်းဘေးမဲ့တောတွင် ဘာသာရေးအဆောက်အအုံများ၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့် သမိုင်းအမွေအနှစ်များကိုလည်း လေ့လာတွေ့ရှိနိုင်သည်။ မင်းကွန်းဆရာတော်ဘုရားကြီး၏ လမ်းညွှန်မှုဖြင့် တည်ထားကိုးကွယ်သော ရာပြည့်ဘုရားကို ဘေးမဲ့တောအတွင်း ဖူးတွေ့နိုင်သည်။ မြန်မာနိုင်ငံအပူပိုင်းဒေသရှိ သစ်ပင်နှင့် သဘာဝအရင်းအမြစ်များသာမက ဒေသန္တရဗဟုသုတများကို ရှာဖွေလေ့လာသုတေသနပြုနိုင်သောဒေသဖြစ်ပြီး ထိန်းသိမ်းစောင့်ရှောက်သင့်သော သက်ရှိသက်မဲ့အရင်းအမြစ်များအား လေ့လာရင်း ရှိမ်းမကားတောရကြီးကျောင်းဘေးမဲ့တော၏ အရှေ့ဘက်မှစီးဆင်းနေသော ဧရာဝတီမြစ်အလှကို ခံစားကြည့်ရှုနိုင်ပါသည်။

**ကြေးမုံ**

# ကနီမြို့နယ်အသင်း(မန္တလေး၊ မုံရွာ)တို့ပူးပေါင်း၍ဆဋ္ဌမအကြိမ်မြောက် ပညာရည်ချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်

**ကနီ၊ နိုဝင်ဘာ ၈**

ကနီမြို့နယ်အတွင်းမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများကို ကနီမြို့နယ်အသင်း (မန္တလေး၊ မုံရွာ) တို့ပူးပေါင်း၍ ဆဋ္ဌမအကြိမ်မြောက် ပညာရည်ချွန်ဆုပေးအပ်ပွဲကို နိုဝင်ဘာ ၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ မိုးကောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရှိန်၊ ကနီမြို့နယ်အသင်း (မန္တလေး) ဥက္ကဋ္ဌ ဦးလှအောင်တို့မှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ကနီမြို့နယ်အသင်း (မုံရွာ) အသင်းအမှုဆောင် ဦးလှမြင့်က ကနီမြို့နယ်အသင်း(မန္တလေး၊ မုံရွာ) တို့ပူးပေါင်း၍ နှစ်စဉ်တက္ကသိုလ် ဝင်တန်းတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူလေးများ၏ ကြိုးစားမှုနှင့် ရှေ့ဆက်ကြိုးစားနိုင်ရေးတို့တွင် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဂုဏ်ပြုထောက်ပံ့ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကနီမြို့နယ်အတွင်းမှ ထူးချွန်စွာအောင်မြင်ကြသည့် ငါးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၆ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၈ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၈၀ ဦးတို့အား ဂုဏ်ပြုဆုများအသီးသီးပေးအပ်ခဲ့ကြသည်။

ယင်းနောက်ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား သုံးဘာသာဂုဏ်ထူးရှင် မချယ်ရီမြင့်နိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်**

## ကရင်ပြည်နယ်နေ့ ကုန်စည်ပြပွဲ ကျင်းပ

**ဘားအံ၊ နိုဝင်ဘာ ၈**

ကရင်ပြည်နယ် (၅၉)နှစ်မြောက်ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကုန်စည်ပြပွဲကို City Global Mark Services Co.Ltd မှ ကြီးမှူးကျင်းပရာ ယမန်နေ့ နံနက် ၉ နာရီတွင် ဘားအံမြို့ပြည်နယ်သီရိကွင်းတွင် ကျင်းပခဲ့ကြောင်းသိရသည်။ ကုန်စည်ပြပွဲ မုခ်ဦးဆိုင်းဘုတ်အား ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး၊ ပြည်နယ်စီမံကိန်းနှင့် စီပွားရေးဝန်ကြီးနှင့် City Global Mark Services Co.Ltd ဒါရိုက်တာတို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်တာဝန်ရှိသူများမှတက်ရောက်ကြပြီး ကုန်စည်ပြပွဲအတွင်း ခင်းကျင်းပြသထားသော ဈေးဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
## အသက်မွေးနိုင်သောနည်းပညာများသင်တန်းဖွင့်လှစ်ရာတွင် ပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်း

၁။မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ မြန်မာနိုင်ငံသားများ အထူးလိုအပ်နေသည့် လက်တွေ့ကျွမ်းကျင် အသက်မွေးဝမ်းကျောင်းနိုင်သော နည်းပညာသင်တန်းများကို စဉ်ဆက်မပြတ် ထိရောက်စွာဖွင့်လှစ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။
၂။ဤကဲ့သို့ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာနိုင်ရန် စီမံထားရှိပါသည်။
၃။သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ
(က) အသက်မွေးပညာသင်တန်းကျောင်းများ
(ခ) အသက်မွေးပညာသင်တန်းကျောင်း ဆရာများ၊ ဆရာဖြစ်လိုသူများ။
(ဂ) အသက်မွေးပညာ ပင်စင်စား ကျောင်းဆရာများ။
(ဃ) ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ။
(င) စက်မှုဇုန်များ။
(စ) ညီနောင်အသင်းများ။
(ဆ) ပူးပေါင်းဆောင်ရွက်လိုသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ အဖွဲ့အစည်းများအားလုံး ဖိတ်ခေါ်ပါသည်။
၄။ပြည်တွင်း၊ ပြည်ပသို့ စနစ်ကျ အဆင့်မီ ဆရာဖြစ်သင်တန်းများအားလည်း စေလွှတ်သွားရန်ရှိပါသည်။ ဂျာမနီနိုင်ငံ GIZ အဖွဲ့အစည်းမှ TVET Professional အသက်မွေးဝမ်းကျောင်းပညာ ဆရာဖြစ်သင်တန်း အား ၂၀၁၅ခုနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ (၇)လတိတိ သင်ကြားပေးသွားရန် ကမ်းလှမ်းထားပါသည်။ စိတ်ပါဝင်စားသူများအားလုံး ကုန်သည်အသင်းချုပ်(UMFCCI) TVET ဌာနတွင် လာရောက်လျှောက်ထား နိုင်ပါသည်။ လိုအပ်သည်များကိုလည်း မေးမြန်းစုံစမ်းနိုင်ပါသည်။
၅။အများအကျိုး၊ မိမိအကျိုး၊ မြန်မာမျိုးဆက်သစ်များအနာဂတ်အတွက် ရိုးဖြောင့်စွာ ပူးပေါင်းဆောင်ရွက်လိုသူ ပြည်သူအားလုံးဖိတ်ခေါ်ပါသည်။

သိရှိလိုသော အချက်အလက်များကို UMFCCI TVET Unit Ph.No 01-214344-9, Ext; 107/ (+95) 0 9 250075519/ (+95) 09 795559212/ tvet.umfcci2014@gmail.com/https://www.facebook.com/ pages/ TVET-Umfcci-MCVI သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။


# နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**ပေကျင်း နိုဝင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ပြည်သူ့ခန်းမဆောင်ကြီးရှိ တုန်းတထင်းဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံယဉ်ကျေးမှုနှင့် ပြည်သူချင်းဆက်ဆံရေးများမြှင့်တင်ရေး၊ ပြန်ကြားရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှု မြှင့်တင်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို

**စာမျက်နှာ ၉ ကော်လံ ၁ သို့■**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်တို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# ကြိုတင်ပြင်ဆင်မှုများနှင့် ကျန်းမာရေးဝန်ဆောင်မှုများ

မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် လက်ခံကျင်းပမည့် (၂၅)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးတွင် ကျန်းမာရေးကဏ္ဍ၌ ဘက်စုံကြိုတင်ပြင်ဆင်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာအဆင့်မီ ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်ကာ စီစဉ်ထားရှိပြီး ထိုသို့စီစဉ်ဆောင်ရွက်မှုများကို အစည်းအဝေးသို့ တက်ရောက်ကြမည့်နိုင်ငံများမှ ကိုယ်တိုင်ကိုယ်ကျ အဖွဲ့လိုက် လာရောက်ကြည့်ရှုလေ့လာ၍ ပြင်ဆင်ထားရှိမှုများအပေါ် ကျေနပ်လက်ခံကြကြောင်းသိရသည်။ ထို့အတွက်

**တွေ့ဆုံမေးမြန်း-ဟန်နီဝင်း၊ ဓာတ်ပုံ-ကျော်ဇေယျ**

ကျန်းမာရေးဝန်ဆောင်မှုများအတွက် စီစဉ်ဆောင်ရွက်မှုများကို မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)က နေပြည်တော်ရှိ ခုတင်(၁၀၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံမှ တာဝန်ရှိဆရာဝန်ကြီးများအား သွားရောက်မေးမြန်းခဲ့ပါသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့❖**



နေပြည်တော် ခုတင်(၁၀၀၀) အထွေထွေရောဂါကုဆေးရုံ အထူးကြပ်မတ်ကုသဆောင်တွင် ပြင်ဆင်ထားပုံကို တွေ့ရစဉ်။

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လက်တွဲပူးပေါင်းပါဝင်

စာမျက်နှာ - ၂

## ကျားဖောင်လုပ်သား ၂၅၀ ကျော်ကို တပ်မတော်(ရေ)မှ ရှာဖွေကယ်ဆယ်

စာမျက်နှာ - ၁၁

## ချန်ပီယံလိဂ်ဂိုးသွင်းမှု အားပြိုင်နေသည့် မက်ဆီနဲ့ စီရိုနယ်လ်ဒို

စာမျက်နှာ - ၁၃

## မြန်မာ့လက်ရွေးစင်အသင်း ကာတာတွင် လေ့ကျင့်လျက်ရှိ

အာဆီယံဒေသတွင်း၏ အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ၂၀၁၄ အာဆီယံဆုဇူးကီးဖလားဘောလုံးပြိုင်ပွဲမှာ မကြာမီ စတင်တော့မည်ဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲကို တိုက်ရိုက်ကစားခွင့်ရ ခြောက်သင်း၊ ခြေစစ်ပွဲအောင် နှစ်သင်း စုစုပေါင်း ရှစ်သင်းဖြင့် နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အုပ်စုခွဲဝေထားမှုအရ မြန်မာအသင်းမှာ အုပ်စု(ခ)တွင် စင်ကာပူ၊ မလေးရှား၊ ထိုင်းတို့နှင့်အတူပါဝင်နေပြီး အုပ်စု(က)တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် လာအိုတို့ပါဝင်ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၆ သို့●**

"မြန်မာဓါတ်ပုံလုပ်ငန်းရှင်များအတွက် သတင်းကောင်း"
ဓါတ်ပုံဆိုင်တိုင်းတွင် ပုံထုတ်စက်ရှိစေရမည်
စက်၏အဓိကအချက်များမှာ
• ပုံထုတ်နိုင်သည့်အရွယ် => 4" x 6", 5" x 7", 6" x 9"
• ဓါတ်ပုံ၏သက်တမ်းနှစ် (၁၀၀) ခံပါသည်
• စက်၏ပုံထုတ်စနစ် => Ribbon Film စနစ် (ပုံတိုင်းတွင်ကျိုးလောင်းပြီးဖြစ်ပါသည်)
• စက်၏တန်ကြေး => ကျပ်ငွေ (၁၄) သိန်း
• စက်အာမခံ => Service & Parts တစ်နှစ်အာမခံပေးပါသည်။
Power-350 W အင်တာတာနှင့် တွဲသုံးနိုင်သည်။
အသေးစိတ်သိရှိလိုသည်များကို - (Photo Star) အမှတ် (၁၁၂)မြေညီထပ်၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။
-၀၉ ၅၁၀ ၀၇၀၉ တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

PVC ကဒ်ပြားထုတ်စက်
ကျောင်းသားကဒ်၊ အဖွဲ့အစည်းကဒ်၊ ဝန်ထမ်းကဒ်၊ အသင်းကဒ်၊ PVC ကဒ်ထုတ်စက်များကိုအထူးစျေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။
PVC ကဒ် အလွတ်များလည်းရရှိနိုင်ပါသည်။
စက်၏တန်ကြေး (၁၆) သိန်း
Service & Parts အမြဲရရှိနိုင်ပါသည်။
အသေးစိတ်သိရှိလိုသည်များကို - (Photo Star) အမှတ် (၁၁၂)မြေညီထပ်၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။
-၀၉ ၅၁၀ ၀၇၀၉ တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊ ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁၊
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
၁၉၅၇ ဇူလိုင်လ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ ကြေးမုံ The Mirror Established in 1957
R/184 ဖြင့် ကြေးမုံသတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

## ရူက္ခဗေဒဘာသာရပ်ကျောင်းသား/ကျောင်းသူများ၏ သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲ

ရုက္ခဗေဒဘာသာရပ် ကျောင်းသား၊ ကျောင်းသူများက အသက်(၆၅)နှစ်နှင့်အထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည့် သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ(ကမာရွတ်မြို့နယ်)၌ ကျင်းပပါမည်။

ပညာသင်နှစ်အသီးသီးမှ ရုက္ခဗေဒကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ကြပါရန် အကြောင်းကြားနှိုးဆော်အပ်ပါသည်။

**ဆရာကြီး၊ ဆရာမကြီးများအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက-**

ရန်ကုန်တက္ကသိုလ်၊ ရုက္ခဗေဒဌာန - ၀၁-၅၃၅၀၃၀
ပါမောက္ခဒေါက်တာဒေါ်သက်သက်မေ(ဌာနမှူး) - ၀၁-၅၁၇၀၃၈
ပါမောက္ခဒေါက်တာအေးဖေ - ၀၉-၅၀၁၀၃၃၀
ပါမောက္ခဒေါက်တာစန်းစန်းအေး - ၀၉-၅၀၀၀၃၀၄
ပါမောက္ခဒေါက်တာ ဒေါ်သန်းသန်းဌေး(ဌာနမှူး) - ၀၉-၄၂၀၇၀၀၆၅၊ ၀၁-၆၆၂၃၉၈
ဒဂုံတက္ကသိုလ်
ပါမောက္ခဒေါက်တာဒေါ်မြတ်သီတာ(ဌာနမှူး) - ၀၉-၅၃၅၀၆၆၇၊ ၀၁-၅၇၇၈၅၅
ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
ပါမောက္ခဒေါက်တာရီရီဝင်း(ဌာနမှူး) - ရုံး-၀၁-၅၀၄၆၂၉၊ ၀၉-၅၁၈၈၆၄၃
ရန်ကုန်အဝေးသင်တက္ကသိုလ်

**ဘဏ်မှတစ်ဆင့် ငွေလွှဲဖြင့်လှူဒါန်းလိုပါက-**

ပထမပုဂ္ဂလိကဘဏ် ငွေစုရင်းအမှတ်-၂၀၁. ၀၂၂ H ၉၅၉ သို့ လွှဲပို့လှူဒါန်းနိုင်ပါသည်။
လွှဲပို့ပြီးပါက ဒေါက်တာမိုးမိုးလွင်(ကထိက) ၀၉-၅၀၅၈၈၇၄ သို့ ဖုန်းဖြင့်အကြောင်းကြားပေးပါရန်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

**ခင်နန္ဒာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ တတ်စွမ်းသမျှ ကုသိုလ်ယူနိုင်ပါသည်- (နယ်မှ ဘဏ်ငွေလွှဲပို့နိုင်ပါသည်။)**

| | မိဂဒါဝုန် | ကုသိနာရုံ |
|---|---|---|
| ၁။ မြေ(၁)စတုရန်းပေ (ကျပ်) | ၁၅,၀၀၀ | ၁၀,၀၀၀ |

| | ဂယာ | သာဝတ္ထိ | မိဂဒါဝုန် | ကုသိနာရုံ |
|---|---|---|---|---|
| ၂။ ကျောင်းဆောင်(၁)စတုရန်းပေ (ကျပ်) | ၂၂,၀၀၀ | ၂၀,၀၀၀ | ၂၁,၀၀၀ | ၂၀,၀၀၀ |

ရုံးချုပ် - ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ☎ ၀၁-၆၅၅၅၂၀ ၊ ၆၅၅၈၈၅ ၊ ၀၉-၅၆၀၀၁၂၃
ရုံးခွဲ(၁) - အမှတ်(၂၈၉)၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ခုံးကျော်တံတားအနီး၊ ကျောက်တံတား၊ ရန်ကုန်။ ☎ ၀၁-၃၇၇၆၁၅ ၊ ၀၉-၇၃၂၂၇၅၃၅ ၊ ၀၉-၂၄၅၀၇၈၃
ရုံးခွဲ(၂) - Gandamar Wholesale၊ မြေညီထပ်၊ ဝေဇယန္တာလမ်း နှင့် ဂန္ဓမာလမ်းထောင့်၊ မရမ်းကုန်း၊ ရန်ကုန်။ ☎ ၀၁-၆၅၇၇၉၄ ၊ ၀၉-၅၆၀၀၄၄၄

## ချီးကျူးဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်းနာယက၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနညွှန်ကြားရေးမှူး(ငြိမ်း) စည်သူဦးတင်လှိုင်(စာရေးဆရာ လယ်တွင်းသားစောချစ်)သည် အမျိုးသားစာပေတစ်သက်တာဆု ချီးမြှင့်ခံရသည့်အတွက် ဤအသင်းကြီးမှ အထူးဝမ်းမြောက်စွာ ချီးကျူးဂုဏ်ပြုအပ်ပါသည်။

**မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း**
**ရန်ကုန်မြို့။**

# Marketing Your Business

- How To Gather Information
- How To Define Scope
- How To Define Brand
- How To Define Target Market
- How To Define Ads Message
- How To Measure Performance
- How To Build Awareness
- How To Create Customer Experiences
- How To Manage Customer Relationships
- How To Innovate - your Marketing Engine

**This Course is Recommended for**

- Small and Medium Enterprise (SME) Business owners ,
- Middle Managers and Above..
- And the person who want to start own business

Enroll Now!

**Trainer Profile**

MBA,BE(EP),DBA & Over 15 years On Sales & Marketing Field At Mluti-National Company
Certificate in Retail Audit and Consumer Tracking Research by AC Nelson Group (India)
Certificate in Selling Skills by Mercury International (Hong Kaung)

Starting Date - 16.11. 2014

(VAC) VALUE ADDED CONSULTANCY
No. 118, 6th Floor, 23rd Street, Latha Township, Yangon
Ph: 01-395912 , 09-5102094,09-73022727

## ဆေးရုံသုံးစက်ပစ္စည်း (Used) များရောင်းချခြင်း

အောက်ဖော်ပြပါ Medical Equipment (Used)များနှင့် အခြားဆက်စပ် စက်ပစ္စည်းများကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည် ဖြစ်ပါသည်။ စိတ်ပါဝင်စားသူများအနေဖြင့် 05.12.2014 နေ့ မတိုင်မီ ရုံးချိန်အတွင်း လာရောက်ကြည့်ရှု ဝယ်ယူနိုင်ပါသည်။

| No | Description | Qty | Country of Origin |
|---|---|---|---|
| 1 | Stress Test Machine | 1 | USA |
| 2 | Ultrasonund Scanner Machine | 1 | JAPAN |
| 3 | Anesthesia Machine | 1 | KOREA |
| 4 | X-ray Machine 60MA | 1 | USA |
| 5 | X-ray Machine 30MA | 1 | JAPAN |
| 6 | Oxygen Concentrator | 1 | USA |

**အာရှတော်ဝင်ဆေးရုံ – အမှတ် (၁၄) ဗတိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်းနံပါတ် – 01-538055 (Ext: 2916, 2917, 2920)**

## ဒေအးမွန်ရတနာ

**အမျိုးသမီးစက်ချုပ်သင်တန်း**

ဘလောက်(စ်)၊ မြန်မာဝတ်၊ ရှပ်၊ စကဒ်၊ ဘောင်းဘီ၊ ဂါဝန်

**ဒေါ်ခင်ဝင်းရီ B.A, B.Ed**

၃၉(ဂ)၊ အောင်ဇေယျာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ် (ကျောက်ကုန်းမီးပွိုင့်အနီး)

အိမ်သင်-(တာမွေ၊ ဗဟန်း၊ သင်္ဃန်းကျွန်း၊ ရန်ကင်း၊ တ/ဥက္ကလာပမြို့နယ်များသာ)

☎- 01-579825, 09-5104687, 09-5193491, 09-40006809

## ပိုင်ရှင်ဖြစ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်သုခလမ်း၊ အိမ်အမှတ်(၅၉/က)နေ ဦးအောင်ဝင်း(၁၀/ဘလန(နိုင်)၀၁၉၅၈၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၃၂၈)၊ မြေကွက်တည်နေရာအမှတ်(၅၉/က)၊ အောင်သုခလမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ အကျယ်အဝန်း(၂၅ပေ×၅၀ပေ)မြေမှာ ဦးခင်ရှိန်(၁၂/ဒပန(နိုင်)၀၀၂၈၄၆)နှင့်ဒေါ်ဟယ်လင်(၁၂/ဒပန(နိုင်)၀၀၂၉၅၀)တို့အမည်ပေါက်ဂရန်မြေဖြစ်ပြီး၊ ထိုဂရန်မြေ၏မြောက်ဘက်ခြမ်း(၁၃ပေ×၅၀ပေ)အကျယ် အဝန်းရှိ မြေနှင့်မြေပေါ်ရှိအိမ်တို့အား ဦးခင်ရှိန်(၁၂/ဒပန(နိုင်)၀၀၂၈၄၆)ထံမှ (၇.၅.၂၀၀၉)ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်အရ ဦးအောင်ဝင်းဝယ်ယူ၍ နေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါမြေကွက်နှင့် အိမ်၏အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ မြေပုံ၊ မြေရာဇဝင်ကူးယူခြင်း၊ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ခြင်း၊ မြေအမည်ပြောင်းခြင်းစသည့်ကိစ္စအရပ်ရပ်ကို ဦးအောင်ဝင်းသဘောတူညီချက်မရှိဘဲ မည်သူမှမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ သို့ပါ၍ အထက်ပါမြေနှင့်အိမ်မှာ ဦးအောင်ဝင်းသာလျှင် ပိုင်ရှင်အမှန်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ရှေ့နေ ဦးဇော်ထိန်လင်း**
**အမှတ်(၉)ခိုင်သဇင်လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်။**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၉၉**
**ကွယ်လွန်သူ ဒေါ်သန်းကျန်ရစ်သောပစ္စည်းများအကြောင်း**

ဒေါ်ရင်ရင်ထွေး **လျှောက်ထားသူ**
အမှတ်(၉)၊ (၈)လွှာ(ဘီ)၊ ယောမင်းကြီးလမ်းသွယ်၊
ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

အထက်ဖော်ပြပါနေရပ်လိပ်စာနေ ဒေါ်ရင်ရင်ထွေးက ကွယ်လွန်သူ ဒေါ်သန်း၏ သမီးအရင်းဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဒေါ်သန်းကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်သန်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသော လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်(၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်ရင်ရင်ထွေး၏လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်း စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

**(ခင်သစ်ဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥသာမြို့သစ်ရပ်ကွက်၊ အမှတ်(၇)၊ ဗိုလ်မင်းရောင်(၂)လမ်း၊ ဦးပိုင်အမှတ်(၃၁၆+၃၁၈)၊ ဧရိယာ(၀. ၁၁၀)ဧကရှိ ဦးစိုင်းသိန်းအောင်[၁၃/တကန(နိုင်)၀၁၀၅၄၆]ပိုင်ဆိုင်သော အိမ်နှင့်ခြံမြေအား ဝယ်ယူသူ ဦးစန်းလွင်[၁၂/ရကန(နိုင်)၀၄၃၂၈၇)မှ အရောင်းအဝယ်ပြုလုပ်ရန် တန်ဖိုးမှစရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးစန်းလွင်[၁၂/ရကန(နိုင်)၀၄၃၂၈၇]**
**ဖုန်း-၀၉-၅၁၃၆၄၆၄၊ ၀၉-၅၀၆၁၂၀၇**

## ကိုယ်စားလှယ်လွှဲအပ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့၊ ကွင်းအမှတ်(၆၁၄)၊ ဂရန်ကြီးကွင်းရှိ အဘိုးဖြစ်သူ ဦးဒါဂျား အမည်ပေါက် လယ်မြေဧရိယာ(၂၈)ဧကမှ မြေလွတ်ဧရိယာ (၅)ဧက ပြန်လည်ရရှိနိုင်ရေးအတွက် လိုက်ပါဆောင်ရွက်ပေးသော (၁)ဦးအောင်လွင် (ဘ)ဦးမောင်လှ[၁၂/ကတန(နိုင်)၀၀၄၃၅၁]၊ ရေနံမြေကွက်သစ် အနောက်ပိုင်းရပ်ကွက်၊ ကျောက်တန်းမြို့နှင့် (၂)ဦးအောင်ထွေး (ဘ)ဦးစံချစ်[၁၂/သကတ(နိုင်)၁၃၄၈၇၇] အမှတ်(၅၁၅)၊ မြို့မ(၅)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတနေထိုင်သူတို့အား ကိုယ်စားလှယ်လွှဲအပ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမရမ်းသီး[၁၂/ကတန(နိုင်)၀၇၈၀၉၃]**
**အနောက်ပိုင်းရပ်ကွက်၊ ကျောက်တန်းမြို့။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၁၄)
## ရန်ကုန်မြို့ ၁၃၇၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
## (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၁၃ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၈၅၊ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပမှ မော်တော်ယာဉ်များ မြို့တော်နယ်နိမိတ်အတွင်း ဝင်ရောက်၊ ရပ်နား၊ မောင်းနှင်အသုံးပြုခြင်းအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကင်းလွတ်ခွင့်ပြုသည့်ယာဉ်များမှအပ ကျန်မော်တော်ယာဉ်များအားလုံး အောက်ပါသတ်မှတ်ချက်များအတိုင်း မြို့ဝင်ကြေးပေးဆောင်ရမည်ဖြစ်သည်-

**(က) မြို့ဝင်ကြေးပေးဆောင်ရန် ကင်းလွတ်ခွင့်ပြုသည့် မော်တော်ယာဉ်များ**
(၁) ခရီးသည်တင်ဘတ်စ်ကားများ (မြို့တွင်း)
(၂) တပ်မတော်ပိုင်မော်တော်ယာဉ်များ
(၃) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပိုင်မော်တော်ယာဉ်များ
(၄) အရေးပေါ်လူနာတင်ယာဉ်များ
(၅) မီးသတ်ယာဉ်များ
(၆) ဌာနဆိုင်ရာယာဉ်များ
(၇) အစိုးရဝန်ထမ်းကြို၊ ပို့ယာဉ်များ
(၈) ကုန်တင်ဆောင်လာသည့် ကုန်တင်ယာဉ်များ

**(ခ) သန်လျင်၊ မှော်ဘီ၊ တိုက်ကြီး စသည့်မြို့နယ်များမှ ကုမ္ပဏီ၊ ပုဂ္ဂလိက ဝန်ထမ်းကြို၊ ပို့ယာဉ်များ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းသို့ ဝင်ရောက်ခြင်းနှင့် ဒလမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းသို့ ဝင်ရောက်သည့် မော်တော်ယာဉ်များ ဝင်ရောက်အသုံးပြုသည့် ကာလအတွက် (၂၄) နာရီတစ်ရက်လျှင် ပေးဆောင်ရမည့်** မြို့ဝင်ကြေးနှုန်းထားများ

| | | |
|---|---|---|
| (၁) | ၁-တန်အောက် | ၁၀၀ကျပ် |
| (၂) | ၁-တန်မှ ၃-တန်အထိ | ၂၀၀ကျပ် |
| (၃) | ၃-တန်အထက်မှ ၅-တန်အထိ | ၃၀၀ကျပ် |
| (၄) | ၅-တန်အထက် | ၅၀၀ကျပ် |

(ဂ) **ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့တော်နယ်နိမိတ်ပြင်ပ မြို့နယ်များမှ မော်တော်ယာဉ်များ ရန်ကုန်မြို့တော်စည် ပင်သာယာရေးနယ်နိမိတ်အတွင်းဝင်ရောက်အသုံးပြုသည့် ကာလအတွက် (၂၄)နာရီတစ်ရက်လျှင် ပေးဆောင်ရမည့် မြို့ဝင်ကြေး နှုန်းထားများ**

| | | |
|---|---|---|
| (၁) | ၁-တန်အောက် | ၂၀၀ ကျပ် |
| (၂) | ၁ တန်မှ ၃-တန်အထိ | ၄၀၀ကျပ် |
| (၃) | ၃-တန်အထက်မှ ၅-တန်အထိ | ၆၀၀ကျပ် |
| (၄) | ၅-တန်အထက် | ၁၀၀၀ကျပ် |

(ဃ) **ရန်ကုန်တိုင်းဒေသကြီးပြင်ပမော်တော်ယာဉ်များ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဝင်ရောက်အသုံးပြုသည့်ကာလအတွက် (၂၄)နာရီတစ်ရက်လျှင် ပေးဆောင်ရမည့်မြို့ဝင်ကြေးနှုန်းထားများ**

| | | |
|---|---|---|
| (၁) | ၁-တန်အောက် | ၂၀၀၀ ကျပ် |
| (၂) | ၁-တန်မှ ၃-တန်အထိ | ၄၀၀၀ကျပ် |
| (၃) | ၃-တန်အထက်မှ ၅-တန်အထိ | ၆၀၀၀ကျပ် |
| (၄) | ၅-တန်အထက် | ၁၀၀၀၀ကျပ် |

(င) အပိုဒ်ခွဲ (ခ၊ ဂ၊ ဃ)ပါ မော်တော်ယာဉ်များ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပသို့ ပြန်လည်ထွက်ခွာသည့်အခါ မြို့တော်နယ်နိမိတ်အတွင်း ဝင်ရောက်သွားလာနေထိုင်ခဲ့သည့်ကာလ(နေ့ရက်များ) အတွက် ကျသင့်မြို့ဝင်ကြေးအား သတ်မှတ်နှုန်းထားများအတိုင်း ရက်အလိုက် တွက်ချက်ပေးဆောင်ရမည်။

(စ) အပိုဒ်ခွဲ (ခ၊ ဂ၊ ဃ)ပါ မော်တော်ယာဉ်များ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပသို့ ပြန်လည်ထွက်ခွာသည့်အခါ မြို့ဝင်ကြေးပေးဆောင်ထားသည့် သက်သေခံလက်မှတ်အား ပြသနိုင်မှုမရှိပါက မြို့ဝင်ကြေး စတင်ကောက်ခံသည့် နေ့ရက်မှစပြီး ယင်းနေ့အထိ သတ်မှတ်နှုန်းထားများအတိုင်း ရက်အလိုက်တွက်ချက်၍ မြို့ဝင်ကြေးပေးဆောင်ရမည်။

(ဆ) မြို့ဝင်ကြေးစတင်ကောက်ခံသည့်နေ့ရက်မတိုင်မီက ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်နေထိုင်ပြေးဆွဲလျက်ရှိသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပမှ တက္ကစီယာဉ်များအပါအဝင် မော်တော်ယာဉ်များသည် မြို့ဝင်ကြေး ပေးဆောင်ထားခြင်း ရှိ၊ မရှိ စစ်ဆေးမှုအား ခံယူရမည်။

(ဇ) မြို့ဝင်ကြေးပေးဆောင်ထားခြင်းမရှိသည့် မော်တော်ယာဉ်များ (သို့မဟုတ်) မြို့ဝင်ကြေးပေးဆောင်ထားသည့် သက်သေခံလက်မှတ်ပြသနိုင်ခြင်းမရှိသည့် မော်တော်ယာဉ်များ စစ်ဆေးတွေ့ရှိပါက အပိုဒ်ခွဲ (ခ၊ ဂ၊ ဃ) ပါ နှုန်းထားများအတိုင်း မြို့ဝင်ကြေး စတင်ကောက်ခံသည့်နေ့မှစ၍ စစ်ဆေးတွေ့ရှိသည့်နေ့ရက်အထိ ရက်အလိုက်တွက်ချက်၍လည်းကောင်း၊ မြို့ဝင်ကြေးပေးဆောင်ထားသည့် သက်သေခံ လက်မှတ်ပြသနိုင်ပါက မြို့ဝင်ကြေး ပေးဆောင်ထားသည့်နေ့ရက်များမှအပ ကျန်ရက်များအတွက် ရက်အလိုက် တွက်ချက်၍လည်းကောင်း မြို့ဝင်ကြေးပေးဆောင်ရမည်။ လိုအပ်ပါက တစ်လတာ ကာလအတွက် ကြိုတင်ပေးဆောင်ပြီး မြို့ဝင်ကြေးပေးဆောင်ထားသည့် သက်သေခံလက်မှတ်ရယူ၍ ထိန်းသိမ်းထားရှိရမည်။

**(ပုံ) လှမြင့် ဥက္ကဋ္ဌ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်-၂/၂၀၁၄
## ၁၃၇၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၃) ရက်
## ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ စိုက်ပျိုးရေးသိပ္ပံများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | နည်းပြ (စိုက်ပျိုးရေး) (၉၉၀၀၀ိ-၁၀၀၀ိ-၁၀၄၀၀၀ိ) | (၂၅)နေရာ | စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၁၀-၂၀၁၄ရက်နေ့တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဃ) မဟာဘွဲ့ရပြီးသူများအတွက် အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူဖြစ်၍ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲလျက် စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ၂၁-၁၁-၂၀၁၄ရက်နေ့ အရောက် ပေးပို့လျှောက်ထားရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြရန်)
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်း ဖြေဆိုသည့်အခါ အောင်လက်မှတ်မူရင်းတင်ပြရန်)
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့်ပြစ်မှု၊ မှုခင်း ကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားဖော်ပြရန်)
(င) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း

၄။ လျှောက်လွှာများကို နေပြည်တော်၊ ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာနရုံးများတွင် ရရှိနိုင်ပါသည်။

၅။ လူတွေ့စစ်ဆေးမည့်အစီအစဉ်ကို ဖော်ပြပါ စိုက်ပျိုးရေးဦးစီးဌာနရုံးများတွင် ၂၆-၁၁-၂၀၁၄ရက်တွင် ကြေညာထားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၁၀၃၂၅/၀၆၇-၄၁၀၁၄၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **စိုက်ပျိုးရေးဦးစီးဌာန**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည့် CIFA Concrete Batching Plants နှင့် Casagrande C800 Craneတို့အတွက် လိုအပ်သောစက်အရန်ပစ္စည်းများကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်။

| Sr.No | Description | Qty | Remarks |
|---|---|---|---|
| 1. | Spare Parts For CIFA Concrete Batching Plants | 1Lot | DDP,US$ |
| 2. | Spare Parts For Casagrande C800 Crane | 1Lot | |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၀-၁၁-၂၀၁၄ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၁၉-၁၁-၂၀၁၄ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၆နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့**
**စက်မှုဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၁၁)ဝင်း၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၁၇၆၊ ၀၉-၂၀၂၂၃၆၇၊ ၀၉-၈၆၃၆၁၈၅**

---

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းအိမ်ရာအဆောက်အအုံ
## ဆောက်လုပ်ရေးလုပ်ငန်းတင်ဒါခေါ်ယူရေးအဖွဲ့
## ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆အယ်လ်)၊ မြေကွက်အမှတ်(၁၁၇ အေ)၊ (၁၁၇ ဘီ)၊ (၁၁၇ စီ)၊ (၁၁၇ ဒီ)၊ (၁၁၈စီ)၊ မြေအမျိုးအစား မြေပိုင်မြေဧရိယာ (၃. ၆၅၈)ဧကပေါ်ရှိ မြေကွက်နေရာတွင် ပေ(၅၆×၄၅×၁၀) RC (၄)ခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ရန်အတွက် ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြင်ပလုပ်ငန်းရှင်များသည် အိတ်ဖွင့်တင်ဒါများကို သတ်မှတ်သောပုံစံများအတိုင်း တင်သွင်းရမည်။ ပုံစံများကို ၅-၁၁-၂၀၁၄ရက်မှ ၁၄-၁၁-၂၀၁၄ရက် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၀-၁၁-၂၀၁၄ရက် ညနေ ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို (၁)စောင်လျှင် ကျပ် ၁၀၀၀၀ိ/-နှုန်းနှင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်နှင့်တင်ဒါတင်သွင်းရန်လိပ်စာ-**

အတွင်းရေးမှူး၊ ဝန်ထမ်းအိမ်ရာ အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း တင်ဒါခေါ်ယူရေးအဖွဲ့၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ အမှတ်(၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၀၁၁၉၂၊ ၀၁-၂၀၀၈၁၂၊ Fax: ၀၁-၂၉၄၂၇၇

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားလိုင်းများကို (Turnkey)စနစ်၊ မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုကြောင်း ၇-၁၀-၂၀၁၄ရက် သတင်းစာ၌ ကြော်ငြာထားခြင်းတွင် မြန်မာကျပ်ငွေအစား နိုင်ငံခြားငွေဖြင့် အောက်ဖော်ပြပါအတိုင်း ပြင်ဆင် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါကြောင်း တင်ဒါပိတ်ရက်အား ၅-၁၂-၂၀၁၄ ရက် ၁၂း၀၀ နာရီသို့ တိုးမြှင့်ပါကြောင်း အကြောင်းကြားအပ်ပါသည်-

Package 1
(၁) အရှေ့ဒဂုံ-ရွှေပေါက်ကံ ၆၆ ကေဗွီဓာတ်အားလိုင်း (၁၁. ၈)မိုင် စီမံကိန်း
(၂) ရွှေပေါက်ကံ-ဝေဘာဂီ ၆၆ ကေဗွီ ဓာတ်အားလိုင်း (၂. ၅)မိုင် စီမံကိန်း
(၃) အရှေ့ဒဂုံ-မြောက်ဥက္ကလာပ ၆၆ ကေဗွီဓာတ်အားလိုင်း (၁၃)မိုင် စီမံကိန်း
(၄) အရှေ့ဒဂုံ-ဒဂုံမြောက် (ကုန်ပဒေသာ)၆၆ ကေဗွီဓာတ်အားလိုင်း (၉. ၃)မိုင် စီမံကိန်း
(၅) အရှေ့ဒဂုံပင်မခွဲရုံ-ဒဂုံအရှေ့(၁)၊ (၂) ၆၆ ကေဗွီဓာတ်အားလိုင်း (၈. ၇)မိုင် စီမံကိန်း

Package 2
(၁) ၆၆/၃၃ ကေဗွီ၊ (၃၀)အမ်ဗွီအေနှင့် ၆၆/၁၁ကေဗွီ၊ (၂×၂၅)အမ်ဗွီအေ ရွှေပေါက်ကံဓာတ်အားခွဲရုံ

Package 3
(၁) ၆၆/၁၁ ကေဗွီ၊ (၂×၂၅) အမ်ဗွီအေ မြောက်ဥက္ကလာပဓာတ်အားခွဲရုံနှင့် ဝေဘာဂီဓာတ်အားခွဲရုံ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါဈေးနှုန်းဖွင့်ဖောက်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ မလိခ(၄)လမ်း၊ အမှတ်-၇၉၃/ခ နေဒေါ်မွှေးမွှေးချို MDGN 537286 ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ၁၀-၂-၂၀၁၃ရက် (၁၄)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၌ သား(၂)ယောက်အတွက် တင်မောင်ထွန်းနှင့် နှစ်ဦးသဘောတူ ဝန်ခံကတိပြု စာချုပ်ချုပ်ဆိုခဲ့ခြင်းအား ၄-၁၁-၂၀၁၄ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးစိုးဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၆၁(က)၊ နံ့သာဖြူလမ်း၊ (၁၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်**

---

## ကန့်ကွက်နိုင်ပါကြောင်း

သန်လျင်မြို့၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ မြယာရိုးတိုးချဲ့ကွက်သစ်(၂)၊ အမှတ်(၇၄)၊ (၅)လမ်းနေ ဦးခင်ဇော် [၁၂/သလန(နိုင်) ၀၃၃၀၄၆] မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ တိုးချဲ့ကွက်သစ်(၁)၊ (၁၅)လမ်း၊ မြေကွက်အမှတ် (၆၈၇/၆၈၈)အား ဦးအောင်ကျော်စိုး [၁၂/ဥကမ(နိုင်)၁၉၁၄၇၄] က နှစ်ဦးနှစ်ဖက် အရောင်းအဝယ်ပြုလုပ်ပြီး ၃-၁၁-၂၀၁၄ရက်တွင် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ယင်းမြေကွက်နှင့် ပတ်သက်ပြီး အရှုပ်အရှင်းပိုင်ဆိုင်သူများရှိပါက (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

**ဦးအောင်ကျော်စိုး**
**ဖုန်း-၀၉၅၄၀၃၀၀၉၊ ၀၉၂၅၀၃၇၆၁၃၂**

---

## " ကန့်ကွက်နိုင်ပါသည် "

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ပေါက်တောရပ်ကွက်/ကျေးရွာအုပ်စု၊ကွင်း/အကွက်အမှတ်(၉၈)၊လာကပုံကွင်း၊ ဦးပိုင်အမှတ်-၅၂/၃၊ ဦးလှသိန်း(၁၂/တတန(နိုင်)၀၄၀၁၉၅)ကိုင်ဆောင်သူအမည်ပေါက်၊ ဧရိယာ(၆. ၄၈)ဧကရှိလယ်ယာမြေနှင့် ဦးပိုင်အမှတ်(၅၂/၂) ဦးမြသိန်း(၁၂/တတန(နိုင်)၀၆၀၈၀၂) ကိုင်ဆောင်သူ အမည်ပေါက်၊ ဧရိယာ(၂. ၇၇)ဧကရှိ လယ်ယာမြေများကို ဝယ်ယူရန်စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်၊ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည် အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇင်သင်းအောင်(စဉ်-၃၀၇၁၀)** | **ဒေါ်ယမင်းလတ် (စဉ်-၈၅၆၄)** |
| LL.B, B.D.S, WIPO(Switzerland) | LL.B, D.B.L, WIPO (Switzerland) |
| **အထက်တန်းရှေ့နေနှင့်ကုမ္ပဏီဥပဒေအကြံပေး** | **တရားလွှတ်တော်ရှေ့နေ** |

အမှတ် (၂၇၈/ခ)ကျောင်းလမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉၂၅၄၀၀၆၄၄၅၊ ၀၉ ၇၃၂၅၆၈၃၆၊ ၀၉ ၅၁၈၁၂၁၀၊ ၀၉ ၃၁၈၁၇၅၀၀

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ် (၁၁၃)၊ ၂၁-လမ်း၊ (၆)ရပ်ကွက်၊ လသာမြို့နယ်ဟုခေါ်တွင်သည့် တစ်ခန်းလျှင် (၁၆'၈"×၄၀')အကျယ်အဝန်းရှိ ဟောင်ကောင်ပုံစံ ထပ်ခိုးအပြည့်ပါ (၄)ထပ်တိုက်အဆောက်အအုံ၏ မြေညီထပ်+ပထမထပ်တိုက်ခန်းကို လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးမာမက်ယူစွတ်[၁၂/ ပဘတ(ဧည့်)၀၀၀၃၈၃]ထံမှ အထက်ဖော်ပြပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဝေ(စဉ်-၇၁၂၄)** **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ဖြိုးဖြိုးမြင့်(စဉ်-၂၉၈၁၂)၊ ဒေါ်ဝေဖြိုးအောင် (စဉ်-၄၀၀၀၃)**
**အထက်တန်းရှေ့နေများ**
**အမှတ်-၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂**

